ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 6 August 2020 ၁၀၀၉၆

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသစ် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပြီး မိန့်ခွန်းပြောကြား



**မိန့်ခွန်းပြောကြား**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသစ် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၅**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသစ် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါရုံး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ဖွင့်လှစ်ပြီး မိန့်ခွန်းပြောကြားသည်။ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ရုံးသစ် အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကော်မရှင်ရုံး ကမ္ပည်းမော်ကွန်း ကြေးပြားဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးစဉ်။

**နေပြည်တော် ဩဂုတ် ၅**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမြိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်တို့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများကို အပြန်အလှန်ဆွေးနွေးသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✪

ကြေးမုံ ယနေ့ ဖတ်စရာ

**ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တွင် မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ပြည်ထောင်စုလွှတ်တော်က အတည်ပြု**

ပြည်ထောင်စုလွှတ်တော် စာမျက်နှာ » ၉

**စားသုံးသူကာကွယ်ရေးအသိပညာများကို ကျောင်းနေအရွယ်မှစ၍ သင်ကြားပေးမည်**

ဆောင်းပါး စာမျက်နှာ » ၂၁

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်း ကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထား မှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အမျိုးသား စာကြည့်တိုက်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးနှင့် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅-၈-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၅၀၀ | ၅၃၂ | ၅,၃၂၁,၀၀၀ |
| MTSH | ၃,၇၅၀ | ၃,၈၀၀ | ၃,၆၀၅ | ၁၃,၅၂၄,၀၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁ | ၈,၁၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၁၁ | ၂၄၂,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၄၀၀ | ၁, ၁၂၀,၀၀၀ |
| EFR | ၂,၉၀၀ | ၂,၈၅၀ | ၂၂ | ၆၃,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၅

ရန်ကုန်(ရွှေဈေး) ၁၃၁၈၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၈၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၅၀/၅၈၅ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၂၀/၆၃၅ ကျပ် | ၆၇၅/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၉၀/၅၂၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | | |
|---|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၈၅ | ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၅ | ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၄၀/၄၄၅ | ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၉.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၈.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၈၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၈၅၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃.၆၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၁၆၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၈.၃၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၂.၁၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၆.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၄၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

## စိတ်ဓာတ်စွမ်းအားဖြင့် စိန်ခေါ်မှုကျော်ဖြတ်

ယခုအခါ နိုင်ငံအချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားမှုများနှင့် ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံတွင်လည်း ယခုရက်ပိုင်း၌ မိုးဆက်လက်ပိုနေပြီး မြစ်ချောင်းများ ရေပြည့်ရေလျှံဖြစ်နေသောကြောင့် အချို့မြို့နယ်များတွင် ရေကြီးရေလျှံဖြစ်ပေါ်လျက်ရှိရာ အနိမ့်ပိုင်းရပ်ရွာများတွင် ရေများဝင်ရောက်နေသဖြင့် ရေဘေးသင့်ပြည်သူများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးများရှိ အနိမ့်ပိုင်းရပ်ရွာဒေသများတွင် ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်ဖြစ်၍ အနိမ့်ပိုင်းဒေသများအနေဖြင့် ရေဘေးအန္တရာယ်ကို အထူးသတိပြုရမည်ဖြစ်သည်။ ယခုအခါ အထက်ရေပိုလာသောကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဝေန်မြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ရောက်ရှိနေရာ မြစ်ကမ်းအနီးနှင့် အနိမ့်ပိုင်းရပ်ရွာများအား စောင့်ကြည့်ရွှေ့ပြောင်း ကူညီဆောင်ရွက်ပေးမှုများ ပြုလုပ်လျက်ရှိသည်။

ယခုကာလသည် ကိုဗစ်-၁၉ ရောဂါဘေးကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအားလုံး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ တက်ညီလက်ညီဆောင်ရွက်လျက်ရှိရာ ရောဂါဘေးကို အတိုင်းအတာတစ်ခုအထိ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံအတွင်း ရောဂါအတွက် စိုးရိမ်ပူပန်မှု ကြီးကြီးမားမားမရှိဟု ဆိုရမည်ဖြစ်သည်။ ထိုသို့သော အခြေအနေကောင်းတစ်ခုရှိနေသဖြင့် လက်ရှိထပ်မံကြုံတွေ့လာရသော ရေကြီးရေလျှံ၊ ကမ်းပြိုမြေပြို သဘာဝဘေးအမျိုးမျိုးတို့ကို ကိုဗစ်-၁၉ ရောဂါဘေးကာကွယ်သကဲ့သို့ပင် တက်ညီလက်ညီ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါဘေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဆက်လက် ကာကွယ်၊ ထိန်းချုပ်၊ ကုသပေးလျက်ရှိပြီး ရေကြီးရေလျှံ သဘာဝဘေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့စောင့်ရှောက်ပေးလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်ကာလသည် ရောဂါအရေး၊ သဘာဝအရေးနှင့် နိုင်ငံ့အရေးတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်နေရသောအချိန်ကာလဖြစ်၍ အားလုံးတက်ညီလက်ညီ စည်းစည်းလုံးလုံး လက်တွဲဆောင်ရွက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ဓနဥစ္စာ ချမ်းသာကြွယ်ဝသောနိုင်ငံမဟုတ်သော်လည်း စိတ်ခွန်အားကြွယ်ဝသောနိုင်ငံ ဖြစ်သည်။ နိုင်ငံအတွင်း အရေးကိစ္စများဖြစ်ပေါ်လာလျှင် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရန်ပုံငွေဖြင့် ချက်ချင်းလက်ငင်းဖြေရှင်းဆောင်ရွက်ပေးပြီး ဆက်လက်၍ စေတနာရှင်ပြည်သူများက တတ်နိုင်သည့်ဘက်မှ အားတက်သရော ဝိုင်းဝန်းကူညီထောက်ပံ့ပေးကြသည့် ထက်သန်သော စိတ်ဓာတ်အခံများ ရှိပြီးဖြစ်သည်။ ယခုအခါ ကိုဗစ်- ၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းထားနိုင်စွမ်းရှိခြင်းသည် ထိုကဲ့သို့သော စိတ်ဓာတ်ခွန်အားများကြောင့်ဖြစ်သည်။ ယခုအခါ ကြုံတွေ့လာရသော သဘာဝဘေးအမျိုးမျိုးတို့ကြောင့် ပြည်သူများအနေဖြင့် စိတ်ဓာတ်ကျခြင်းအလျှင်းမရှိဘဲ ဆက်လက်ရင်ဆိုင် တုံ့ပြန်ကျော်လွှားသွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် စိန်ခေါ်မှုအမျိုးမျိုးတို့ကို ကြုံတွေ့ခဲ့ကြရပါသည်။ ဖြစ်ပေါ်ခဲ့သောစိန်ခေါ်မှုများ၊ ဖြစ်ပေါ်နေဆဲစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်လျှင် ယခုကာလအတွက်သာမက နောင်မျိုးဆက်များအတွက်ပါ အောင်မြင်မှုများ ဖြစ်လာပါလိမ့်မည်။ နိုင်ငံတစ်နိုင်ငံတွင် ခက်ခဲကြမ်းတမ်းသောကာလများကို ကျော်ဖြတ်နိုင်ခဲ့ခြင်းသည် ထိုနိုင်ငံ၏သမိုင်းအတွက် ဂုဏ်ယူစရာဖြစ်ပေသည်။ ထိုဂုဏ်ရည်သည်ပင် နောင်မျိုးဆက်များအတွက် အင်အားတစ်ရပ်ဖြစ်အောင် ကြံ့ကြံ့ခံ ဖွဲ့စိတ်သန်သောစိတ်ဓာတ်များဖြင့် ဆက်လက်ဆောင်ကြဉ်းပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ တိုတောင်းလှသော ကာလတစ်ဖြတ်ကိုကြည့်မည်ဆိုလျှင် မမျှော်မှန်းနိုင်သော အခက်အခဲအမျိုးမျိုးတို့အား ကျော်ဖြတ်နိုင်စွမ်းရှိခဲ့သည်ကို ဂုဏ်ယူဖွယ်ရာတွေ့ရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ မြန်မာနိုင်ငံသူ နိုင်ငံသားပြည်ထောင်စုဖွားအားလုံးတို့သည် အခက်အခဲများ၊ စိန်ခေါ်မှုများအား ကျော်လွှားနိုင်စွမ်းရှိခဲ့ပြီဖြစ်သည်။ ထိုသို့ ကျော်လွှားနိုင်ခဲ့ခြင်းသည် ဓနအင်အားထက် စိတ်ဓာတ်အင်အားများဖြင့် ကျော်ဖြတ်လာခဲ့ခြင်းဖြစ်သည်။ ယခုလည်း ကြုံတွေ့လာသည့်၊ ကြုံတွေ့လာမည့် စိန်ခေါ်မှုများနှင့် အခက်အခဲအမျိုးမျိုးတို့ကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ထားကြသည်။ ဤယုံကြည်မှုသည်ပင် နိုင်ငံသူ နိုင်ငံသားများ၏ စွမ်းအားများပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအားလုံးတို့၏ စွမ်းအားများနှင့် ကြုံတွေ့နေဆဲ၊ ကြုံတွေ့ရမည်ဖြစ်သော ကပ်ရောဂါဘေး၊ သဘာဝဘေးတို့သာမက နိုင်ငံ့အရေးကိစ္စအမျိုးမျိုးတို့ကို ပြည်သူအားလုံးတို့၏ စည်းလုံးညီညွတ်သော စိတ်ဓာတ်စွမ်းအားများဖြင့် ကျော်ဖြတ်ကြမည်ဖြစ်ရာ နောင်ကာလတွင် ပိုမိုစည်းလုံးညီညွတ်သည့်နိုင်ငံ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။ ။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့ |
| **အကြီးတန်း** | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသစ် အဆောက်အအုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**○ နိုင်ငံတော်သမ္မတမှ**

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်တို့က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကမ္ပည်းမော်ကွန်းကြေးပြားဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးသစ်အဆောက်အအုံဖွင့်ပွဲ အထိမ်းအမှတ်မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ (၅)တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အစိုးရက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ပြန်လည်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံအတွင်း ဖြစ်ပွားနေသော အဂတိလိုက်စားမှုများကို အောင်မြင်စွာ တိုက်ဖျက်နိုင်ရေးအတွက် ကော်မရှင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈ – ၂၀၂၁) ကိုရေးဆွဲကာ နှစ်အလိုက် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းမဟာဗျူဟာတွင် လုပ်ငန်းနယ်ပယ် ၅ ခု၊ လုပ်ငန်းစဉ် ၁၃ ခု၊ စံသတ်မှတ်ချက် ၅၃ ခု ပါရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ ကော်မရှင်၏ ဆောင်ရွက်ပြီးစီးခဲ့မှုများကို ပြန်လည်သုံးသပ်ရာတွင် စံသတ်မှတ်ချက် ၈၀ ရာခိုင်နှုန်းအထက် အောင်မြင်ပြီးမြောက်ခဲ့ကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း။

သို့ရာတွင် ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာအား လက်တွေ့ကျပြီး တာရှည်ခံသော အောင်မြင်မှုများ ဖြစ်ထွန်းစေရန်အတွက် အဂတိလိုက်စားမှု

စာမျက်နှာ ၄ သို့ ◆




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသစ် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသစ် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

- ❑ ကော်မရှင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၁)ကို ရေးဆွဲကာ နှစ်အလိုက် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့
- ❑ မဟာဗျူဟာတွင် လုပ်ငန်းနယ်ပယ် ၅ ခု၊ လုပ်ငန်းစဉ် ၁၃ ခု၊ စံသတ်မှတ်ချက် ၅၃ ခု ပါရှိ
- ❑ ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ ကော်မရှင်၏ ဆောင်ရွက်ပြီးစီးခဲ့မှုများကို ပြန်လည်သုံးသပ်ရာတွင် စံသတ်မှတ်ချက် ၈၀ ရာခိုင်နှုန်း အထက် အောင်မြင်ပြီးမြောက်ခဲ့

◆ စာမျက်နှာ ၃ မှ
တိုက်ဖျက်ရေး နည်းဗျူဟာနှစ်ရပ်ကို အပြည့်အဝအကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ယင်းနည်းဗျူဟာနှစ်ရပ်မှာ မမြင်ကွယ်ရာတွင် လျှို့ဝှက်စွာ ဖုံးကွယ်ကျူးလွန်လေ့ရှိသော အဂတိလိုက်စားမှုအမျိုးအစားများကို သိသိသာသာ လျော့နည်းကျဆင်းသွားအောင် ကန့်သတ်ထိန်းချုပ်နိုင်ရန် ရည်ရွယ်သည့် "ဥပဒေမူဘောင်ကို ခိုင်ခံ့အောင်တည်ဆောက်ရေးဆိုသည့် နည်းဗျူဟာတစ်ရပ်"နှင့် အဂတိလိုက်စားသူများ၏ ဒုစရိုက်ကစားကွင်းကို တဖြည်းဖြည်းချင်း ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းသွားစေရန် ရည်ရွယ်သည့် "အများပြည်သူဆိုင်ရာ ရုံး၊ ဌာန၊ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှု (Public Integrity)နှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ ဖြောင့်မတ်တည်ကြည်မှု (Business Integrity)တို့ကို ဟန်ချက်ညီမြှင့်တင်ပေးရေးဆိုသည့် နည်းဗျူဟာတစ်ရပ်" တို့ ဖြစ်ပါကြောင်း။

**အကောင်အထည်ဖော်သွားမည်**

ယင်းဗျူဟာနှစ်ရပ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက "အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာ" တစ်ရပ်ကို ကော်မရှင်ကရေးဆွဲနိုင်ရန် အားပေးလိုလားလျက်ရှိကြောင်း သိရှိရသဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ထို့ကြောင့် ကျန်ရှိနေသော လုပ်ငန်းတာဝန်ကို ကျန်ရှိသည့် အချိန်ကာလအတွင်းတွင် ဖြစ်နိုင်သမျှ အောင်မြင်မှုရရှိစေရန် ကော်မရှင်အနေဖြင့် အထူးအလေးအနက်ထား ကြိုးပမ်းအကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း။

အများပြည်သူဆိုင်ရာ ရုံး၊ ဌာန၊ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးအတွက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU)များကို ဖွဲ့စည်းထားပါကြောင်း၊ CPU များသည် ရုံးဌာနအလိုက်၊ လုပ်ငန်းအလိုက် လက်ရှိကျင့်သုံးနေသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များတွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ် ရှိ၊ မရှိ ဆန်းစစ်ခြင်း၊ CRA လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပြင်ဆင်ရန်လိုအပ်ပါက ပြည်ထောင်စုဝန်ကြီးထံ တင်ပြ၍ ပြင်ဆင်ခြင်း၊ ရုံးဌာနအလိုက် တည်မြဲလုပ်ထုံးလုပ်နည်း (SOP)များ ရေးဆွဲပြီး ပြည်သူလူထုအား အသိပေးသင့်သည်ကို ပွင့်လင်းမြင်သာစွာ အသိပေးခြင်း၊ ရုံးဌာနများနှင့်ပူးတွဲ၍ လုပ်ငန်းဆောင်ရွက်နေသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၌ အဂတိလိုက်စားမှုကို ဆန့်ကျင်သော ကျင့်ဝတ်များ ရေးဆွဲလိုက်နာခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊ ဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းနှစ်ဦးနှစ်ဖက်အကြားတွင် အခက်အခဲပြဿနာများရှိလာပါက တာဝန်ရှိသူအများရှေ့တွင် ပွင့်လင်းမြင်သာသော တွေ့ဆုံဆွေးနွေးမှုများဖြင့် ဖြေရှင်းပေးခြင်း၊ မိမိတို့ ရုံး၊ ဌာန၏ ဝန်ဆောင်မှုအပေါ် ပြည်သူလူထု၏ အမြင်သဘောထားကိုသိရှိပြီး လိုအပ်ချက်များကို ပြုပြင်ပေးနိုင်ရန်အတွက် ပြည်သူတစ်ဦးချင်းထံမှ သဘောထားမှတ်ချက်များတောင်းခံခြင်း စသည့် အရေးကြီးသော တာဝန်များကို ထမ်းဆောင်နိုင်ပါကြောင်း၊ ထိုသို့ ထမ်းဆောင်နိုင်ရန်အတွက်လည်း ကော်မရှင်က လေ့ကျင့်ပေးထားပြီးဖြစ်ပါကြောင်း၊ အချို့ CPU များတွင် အောင်မြင်မှုများ တွေ့ရှိနေရပြီဖြစ်သော်လည်း အချို့မှာ ထိုက်သင့်သော တိုးတက်မှုများ မရှိသေးပါကြောင်း။

**အမိန့်ထုတ်ပြန်ထား**

အလားတူ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကိုလည်း ကော်မရှင်က အဂတိလိုက်စားမှုကို ဆန့်ကျင်သော ကျင့်ဝတ် (CoC)များ ရေးဆွဲလိုက်နာကြရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ UMFCCI မှ တစ်ဆင့်သော်လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းများ၊ NGO များမှ တစ်ဆင့်သော်လည်းကောင်း တိုက်တွန်းလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာတစ်ရပ် အချိန်မီထွက်ပေါ်လာနိုင်ပါက CPU နှင့် CoC ကို မဏ္ဍိုင်ပြုထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးနည်းဗျူဟာသည် ပိုမိုဆောလျင်စွာ အကောင်အထည် ပေါ်လာနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးထံ နိုင်ငံတော်တစ်ဝန်းလုံးရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် တက္ကသိုလ်များအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကမ္ပည်းမော်ကွန်း ကြေးပြားဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

# အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် မေးခွန်းရှင်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် မေးခွန်းရှင်ကိုယ်စားလှယ်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင် အမှတ် (I–20) အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပေါင်းစပ်အတည်ပြု**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ(၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် မေးခွန်းရှင်ကိုယ်စားလှယ်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများအား ကော်မတီအဖွဲ့ဝင်များက မေးမြန်းဆွေးနွေး၍ ပေါင်းစပ်အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်များ၊ မေးခွန်းရှင်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**





# ကရင်ပြည်နယ် ငြိမ်းချမ်းရေးနယ်မြေ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၅**

ကရင်ပြည်နယ် ငြိမ်းချမ်းရေးနယ်မြေ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်၌ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် ကုန်းတွင်းငါးမွေးမြူရေးလုပ်ငန်းများ၊ ကြက်၊ ဝက်၊ ဆိတ်၊ နွား မွေးမြူရေးလုပ်ငန်းများနှင့် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အလုပ်အကိုင် အခွင့်အလမ်းရရှိစေနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျွဲ၊ နွားကုန်သွယ်မှုကို ဥပဒေနှင့်ညီညွတ်သော ပိုမိုလွယ်ကူလျင်မြန်မှုရှိသည့် လုပ်ငန်းစဉ်များချမှတ်ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များ ကျွဲ၊ နွားများအား ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (Good Animal Husbandary Practice–GAHP)လိုက်နာဆောင်ရွက်ရန် လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနဲ့ တိုက်ဖျက်ရေးလုပ်ငန်းတို့ကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးက စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသစ် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၅ ရက်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးသစ် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က နိုင်ငံတော်နဲ့ နိုင်ငံသားများအကျိုးကိုရှေးရှုပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနဲ့ တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကော်မရှင်က ပေးပို့လာတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဒီဥပဒေမှာ အဂတိလိုက်စားမှုများနှင့်စပ်လျဉ်း၍ ကော်မရှင်အား လုပ်ပိုင်ခွင့်များ ကျယ်ကျယ်ပြန့်ပြန့် အပ်နှင်းထားပြီး လွတ်လွတ်လပ်လပ် စီမံဆောင်ရွက်ခွင့် ပေးပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အရေးယူနိုင်တဲ့ အဖွဲ့အစည်းအဖြစ်လည်း ခွင့်ပြုထားပါတယ်။

ဒါ့အပြင် ကျွန်တော့်အနေနဲ့ ပြည်ထောင်စု လွှတ်တော်တွင် နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခဲ့စဉ်က အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များအား တွေ့ဆုံခဲ့စဉ်ကလည်း အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကော်မရှင်အဖွဲ့ခွဲများထားရှိရန်၊ ကော်မရှင်အနေဖြင့် လုပ်ငန်းတာဝန်များကို မျက်နှာကြီးငယ်မလိုက် ဆူကြုံနိမ့်မြင့်မရွေး တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်စတဲ့ ရှင်းလင်းတိကျတဲ့ မူဝါဒများကို လမ်းညွှန်ခဲ့ပါတယ်။ ကော်မရှင်အနေနဲ့လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဘက်စုံထောင့်စုံမှ ကိုယ်ရောစိတ်ပါ ကြိုးစားအကောင်အထည်ဖော်နေတဲ့အတွက် အသိအမှတ်ပြုကြောင်း ပြောကြားလိုပါတယ်။

နောင်အစိုးရ အဆက်ဆက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အရှိန်အဟုန် မပျက်စေရန်အတွက် အမျိုးသားအဆင့် အဂတိလိုက်စားမှု



တိုက်ဖျက်ရေး မဟာဗျူဟာ ရေးဆွဲနိုင်ရန် ကော်မရှင်ရဲ့ ကြိုးပမ်းအားထုတ်မှုများကိုလည်း အားပေးပါတယ်။ ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်း အဂတိလိုက်စားမှုကို တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် တရားစွဲဆို အရေးယူခြင်းတို့ဖြင့် ဆောင်ရွက်နေခြင်းမှာ ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

**ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်း အဂတိလိုက်စားမှုကို တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် တရားစွဲဆိုအရေးယူခြင်းတို့ဖြင့် ဆောင်ရွက်နေခြင်းမှာ ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ် . . .**

မြန်မာနိုင်ငံတစ်ဝန်းမှာ နှစ်ကာလရှည်ကြာစွာ အမြစ်တွယ်ရှင်သန်နေတဲ့ အဂတိလိုက်စားမှု ပြဿနာများကို ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာဖြင့် ကိုင်တွယ်ဖြေရှင်းပေးနေစဉ် အခုလို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသစ် အဆောက်အအုံကို သီးသန့်ဖွင့်လှစ်ပေးနိုင်ခြင်းဟာ မြန်မာနိုင်ငံရဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး သမိုင်းမှာ မှတ်တိုင်တစ်ခုဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အစိုးရလက်ထက်မှာ ဖွင့်လှစ်ပေးနိုင်တဲ့ ဒီရုံးအဆောက်အအုံသစ်ဟာ အာဆီယံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) အဖွဲ့ဝင်နိုင်ငံများမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများရဲ့ အခြေခံအဆောက်အအုံများနဲ့ တန်းတူညီတူရှိသော ရုံးတစ်ရုံးဖြစ်ပါတယ်။

**အခုလို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသစ်အဆောက်အအုံကို သီးသန့်ဖွင့်လှစ်ပေးနိုင်ခြင်းဟာ မြန်မာနိုင်ငံရဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသမိုင်းမှာ မှတ်တိုင်တစ်ခုဖြစ်လာမယ်လို့ ယုံကြည်ပါတယ် . . .**

ကျွန်တော်တို့အစိုးရလက်ထက်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်ရုံးဖွဲ့စည်းပုံကိုလည်း တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်ပေးခဲ့ခြင်းနှင့် နေပြည်တော်တွင် ယနေ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသစ် ဖွင့်လှစ်ခြင်းတို့ဖြင့် ကော်မရှင်ရဲ့ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများနဲ့ လူသားအရင်းအမြစ် လိုအပ်ချက်များကို အတော်အတန်ပြည့်စုံအောင် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ယခုထက် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ယခုနှစ်အတွင်း မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တို့မှာလည်း ကော်မရှင်ရုံးခွဲများကို ဆက်လက်ဖွင့်လှစ်ရန် ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလမှာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ အဂတိလိုက်စားမှုဟာ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ ခလုတ်တံသင်းတစ်ခု ဖြစ်ပါတယ်။ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူလူထုရဲ့ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးတို့ကိုလည်း ထိခိုက်စေပါတယ်။

ဒါ့ကြောင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနဲ့ တိုက်ဖျက်ရေးလုပ်ငန်းတို့ကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရဝန်ကြီးဌာနများနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကလည်း စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းကြစေလိုကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်ထူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့ နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်ထူးနှင့်အဖွဲ့အား ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် အရည်အသွေးပြည့်မီသည့် မြန်မာ့ရော်ဘာများ တင်ပို့နိုင်ရေးအတွက် နည်းပညာဆိုင်ရာအထောက်အကူများကို တစ်စိတ်တစ်ပိုင်းအနေဖြင့် ဖြည့်ဆည်းပြီးဖြစ်ကြောင်း၊ ကဏ္ဍတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြားလိုအပ်ချက်များဖြစ်သော ဓာတ်ခွဲခန်းဝန်ထမ်း ထပ်မံဖြည့်တင်းရေး၊ ဓာတ်ခွဲခန်းအဆောက်အအုံတိုးချဲ့ရေးတို့ကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရော်ဘာကဏ္ဍတွင် ပါဝင်ဆောင်ရွက်သူများအားလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ရော်ဘာစိုက်ပျိုးသူ၊ ထုတ်လုပ်သူနှင့် TSR စက်ရုံများ၏ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်စေရေးအတွက် ထုတ်လုပ်မှုမြှင့်တင်ရေး၊ ဈေးနှုန်းရရှိရေး၊ အရည်အသွေးမြှင့်တင်ရေးအတွက် လိုအပ်သော ထိန်းကျောင်းမှုများ ဆောင်ရွက်သွားနိုင်ရန် နီးနှောဖလှယ်ပွဲ (Forum) တစ်ရပ်ကို ရန်ကုန်မြို့တွင် ကျင်းပသွားနိုင်ရေးတို့အပါအဝင် ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် JICA ကဲ့သို့သော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်၍ နည်းပညာအကူအညီများ ရယူဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာ့နိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့အကြား နားလည်မှုစာချွန်လွှာ (MoU) ကို ၂၀၁၆ ခုနှစ်တွင် လက်မှတ်ရေးထိုး၍ မြန်မာ့သဘာဝရော်ဘာအရည်အသွေး စမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း (MNRQTL) ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး)တွင် တည်ထောင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် မလေးရှားရော်ဘာဘုတ်အဖွဲ့ (MRB) မှ ဓာတ်ခွဲခန်းအား Audit လာရောက်



စစ်ဆေးခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အသင်းဝင်ဓာတ်ခွဲခန်းများ၏ သဘာဝရော်ဘာ အရည်အသွေးစမ်းသပ်ခြင်း အရည်အချင်းစစ်ဆေးမှုအစီအစဉ်များ (Round Robin Test (or) Proficiency Test) ပါဝင်ဖြေဆိုခဲ့ရာ PT Series လေးကြိမ်ဆက်တိုက် အောင်မြင်ခဲ့သည့်အတွက် အပြည်ပြည်ဆိုင်ရာရော်ဘာအသင်း (International Rubber Association–IRA) အသိအမှတ်ပြုလက်မှတ်ရ ဓာတ်ခွဲခန်းတစ်ခုဖြစ်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်တို့နှင့် အပြန်အလှန်ဆွေးနွေးစဉ်။

**❂ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာ၌ ယနေ့တွင် နိုင်ငံသားများအတွက် များစွာအရေးကြီးသည့် အခြေခံအခွင့်အရေးနှစ်ခုနှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ပထမတစ်ခုသည် ကျန်းမာရေးဖြစ်ပါကြောင်း၊ ပြည်သူတိုင်း ကျန်းမာရေးကောင်းမွန်ရေးသည် မိမိတို့၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ ယင်းသည် ပြည်သူပြည်သားများ၏ရပိုင်ခွင့်ဖြစ်ပါကြောင်း၊ နောက်တစ်ခုသည် ရွေးကောက်ပွဲတွင်ပါဝင်၍ မဲပေးနိုင်ရန်ဖြစ်ပါကြောင်း၊ ယင်းသည်လည်း နိုင်ငံသူနိုင်ငံသားများ၏ ရပိုင်ခွင့်နှင့် တာဝန်ဖြစ်ပါကြောင်း၊ ယင်းကိစ္စများကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရေးတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့သည် အဓိကကျပါကြောင်း။

**များစွာအလေးထားရမည့်ကိစ္စ**

နိုင်ငံသူ နိုင်ငံသားများ ဆန္ဒမဲသွားရောက်ပေးသည့် အခါတွင် လုံလုံခြုံခြုံရှိရန် ကိုဗစ်–၁၉ အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်ထားခြင်းသည် ဒုတိယအဆင့်ဖြစ်ပါကြောင်း၊ ပထမအဆင့်သည် မဲသွားရောက်ပေးရန်အတွက် မဲစာရင်းမှန်ကန်ရန်လိုအပ်ပါကြောင်း၊ ယခုရက်သတ္တတစ်ပတ်နှစ်ပတ်အတွင်း မဲဆန္ဒရှင်စာရင်းများ မမှန်သည့်အကြောင်း၊ မပြည့်စုံသည့်အကြောင်း သတင်းများ များစွာထွက်ပေါ်လျက်ရှိကြောင်း၊ ယင်းမှာ များစွာအလေးထားရမည့် ကိစ္စဖြစ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများသည် ၁၈ နှစ်ပြည့်ပြီး တိုင်းရင်းသားမိဘနှစ်ပါးက ဖွားမြင်သည်ဆိုလျှင် မဲပေးပိုင်ခွင့်ရှိပါကြောင်း၊ မိမိ၏ အယူအဆသည် မဲပေးပိုင်ခွင့်ရှိသည်နှင့်အမျှ တာဝန်လည်းရှိပါကြောင်း၊ မိမိနိုင်ငံအတွက် တာဝန်ယူလိုသည့်စိတ်သည် လူတိုင်းလူတိုင်းတွင် ရှိရမည်ဖြစ်ပါကြောင်း၊ မိမိကြိုက်နှစ်သက်သည့်အတိုင်း မဲပေးရမည်ဖြစ်ပါကြောင်း၊ မဲမပေးဘဲ ဟိုဟာကို မကြိုက်ဘူး၊ ဒီဟာကို မကြိုက်ဘူးဆိုပြီး ပြောနေခြင်းသည် အလွန်တာဝန်မဲ့ပါကြောင်း၊ ငါးနှစ်တွင် တစ်ရက်အချိန်ပေးရသည့် တာဝန်ကိုကျေပွန်အောင် နိုင်ငံသူနိုင်ငံသားအားလုံးက လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ အများစုက ထိုကဲ့သို့လုပ်ဆောင်လိုသည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ဌာနသုံးခုက ကူညီပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှုများကို အပိုင်း(၃)ပိုင်းဖြင့် ဆွေးနွေးတင်ပြလိုပါကြောင်း၊ ပထမပိုင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် သစ္စာစီမံချက်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များ၊ အခြေခံပညာကျောင်းများ၊ စက်မှုဇုန်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းပြီး ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ သစ္စာစီမံချက်ဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအထိ နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၅၇၂၀၀၀၀ ကျော် ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအတွက် ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း မဲစာရင်းတွင် ပါဝင်ရေး၊ တိကျမှန်ကန်သည့် မဲစာရင်းရရှိရေးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မိမိတို့ဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီး လူဦးရေစာရင်း အချက်အလက်များ ကောက်ယူခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာလုပ်ငန်းစီမံချက်ရေးဆွဲခဲ့ပါကြောင်း၊ ယင်းစီမံချက်တွင် လူဦးရေစာရင်းနှင့် အချက်အလက်များ ကောက်ယူပြုစုခြင်း၊ စိစစ်ခြင်း၊ အခြေခံမဲစာရင်းပြုစုခြင်း၊ ပြောင်းလဲနေသည့် လူဦးရေစာရင်းနှင့် အခြေခံမဲစာရင်းများကို ပြုစုခြင်း၊ ပြင်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းစီမံချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ ခရိုင်အဆင့်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အဆင့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းခဲ့ပါကြောင်း။

**လက်ခံစိစစ်ပြုစုခဲ့**

လုပ်ငန်းတာဝန်များကိုလည်း တိတိကျကျ သတ်မှတ်ပေးခဲ့ပြီး သင်တန်းပို့ချခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ထူးခြားမှုအနေဖြင့် ယခု ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကောက်ယူခဲ့ရာတွင် မြေပြင်၌ အမှန်တကယ်ရှိနေသည့် ရှိကောက်စာရင်းကို ကောက်ယူခဲ့ပါကြောင်း၊ ရရှိသည့်စာရင်းများကိုလည်း ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်မှ လက်ခံစိစစ်ပြုစုခဲ့ခြင်းဖြစ်ပါကြောင်း၊ ဇူလိုင် ၂၅ ရက် ရွေးကောက်ပွဲကော်မရှင်မှ ပထမအကြိမ်အဖြစ် မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာခဲ့ရာတွင် တချို့မဲဆန္ဒနယ်များ၌ လူဦးရေစာရင်းများ ကျန်ရှိနေခဲ့မှု၊ အချက်အလက်အချို့ မှားယွင်းနေမှု၊ မပါဝင်သင့်သူများ ပါဝင်နေမှု၊ မှတ်ပုံတင်နံပါတ်များထပ်နေမှု၊ လွဲမှားနေမှုနှင့် ကွက်လပ်ဖြစ်နေမှုများကိုလည်း တွေ့ရှိရပါကြောင်း။

ယခုမဲစာရင်းထုတ်ပြန်မှုသည် ပထမအကြိမ်ဖြစ်ပါကြောင်း၊ ပထမအကြိမ်အပေါ် ပြည်သူများကြည့်ပြီး လိုအပ်ချက်များကို ပြင်ဆင်မှုပြုလုပ်၍ အောက်တိုဘာလတွင် ဒုတိယအကြိမ် မဲစာရင်းထုတ်ပြန်သွားမည်ကို ရွေးကောက်ပွဲကော်မရှင်မှ ကြေညာထားပါကြောင်း၊ ထိုသို့ထပ်မံထုတ်ပြန်မည့် မဲစာရင်းများတွင် ပိုမိုတိကျမှန်ကန်စေရေးအတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်သွားမည့် စီမံချက်ကိုလည်း ရေးဆွဲပြီးဖြစ်ပါကြောင်း၊ ယင်းစီမံချက်တွင် လုပ်ငန်းအဖွဲ့(၃) ဖွဲ့ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လုပ်ငန်းအဖွဲ့(၃)ဖွဲ့၏ ဆောင်ရွက်သွားမည့် လုပ်ငန်းများသည် ပထမလုပ်ငန်းအဖွဲ့အနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ရွေးကောက်ပွဲကော်မရှင်မှအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိမိတို့ဌာနမှ ဝန်ထမ်းများပူးပေါင်းပြီး မဲစာရင်းများကို ပြန်လည်တိုက်ဆိုင်စိစစ်ကာ ပြည်သူများတင်ပြလာသည့် ပြင်ဆင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒုတိယလုပ်ငန်းအဖွဲ့အနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ မဲစာရင်းများကို ကောက်ယူမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် မဲစာရင်းပြင်ဆင်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တတိယအဖွဲ့အနေဖြင့် မြို့နယ်ဦးစီးမှူးရုံး၌ အခြေစိုက်ပြီး ရုံးသို့လာရောက်ဆောင်ရွက်သည့် မဲဆန္ဒရှင်များအတွက် လိုအပ်သည့်လုပ်ငန်းများကို ယင်းကာလတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

**ကွင်းဆင်းဆောင်ရွက်မည်**

ယင်းလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာတွင် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး ပြည်သူလူထုအား အသိပညာပေးခြင်းများကိုလည်း တစ်ပြိုင်နက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်စာရင်းတွင် ကွက်လပ်ဖြစ်နေသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား နံပါတ်များကို ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံသားစိစစ်ရေးကတ်ပြား မလုပ်ရသေးသူများနှင့် မရှိသူများကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုများနှင့် ကြိုတင်ညှိနှိုင်းပြီး ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကိုလည်း မိမိဌာနမှဝန်ထမ်းများ တိတိကျကျ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများကိုလည်း အသိပညာပေးပြီး တိတိကျကျ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် ပြည်ပရောက် မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများကိုလည်း လက်ခံလျက်ရှိပါကြောင်း၊ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသူ စုစုပေါင်း ၁၄၁၅၃၉ ဦး ရှိပါကြောင်း၊ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြန်လည်ဝင်ရောက်လာသူ ၂၄၂၃ ဦးရှိပြီး စုစုပေါင်း ၁၄၃၉၆၂ ဦးရှိပါကြောင်း၊ ထိုသို့ ပြန်လည်ရောက်ရှိလာသည့် ရွှေ့ပြောင်းအလုပ်သမားများကိုလည်း သက်ဆိုင်ရာဒေသများတွင် ဆန္ဒမဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွှေ့ပြောင်းလုပ်သားများ၏ နေထိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း စာရင်းများပေးပို့ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

ထို့အတူ ပြည်ပနိုင်ငံများတွင်ရှိသည့် မြန်မာအလုပ်သမားများကိုလည်း သက်ဆိုင်ရာ မြန်မာသံရုံးများတွင် ပြည်ပရောက်ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အပိုင်း(၂)အနေဖြင့် ယခုကာလသည် ကိုဗစ်ကာလဖြစ်သည့်အတွက် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရသည့်အတွက် ကန့်သတ်ချက်များနှင့် စိန်ခေါ်မှုများရှိခဲ့ပါကြောင်း၊ ထို့ပြင် မိုးတွင်းကာလဖြစ်သည့်အတွက် သွားလာလှုပ်ရှားမှုများတွင်လည်း ကန့်သတ်ချက်များရှိပါကြောင်း၊ ပြည်ပသို့ ရောက်ရှိနေသူများ၏ အချက်အလက်များကို နယ်သို့သွားရောက်၍ ကောက်ခံရာတွင် ကျန်နေရစ်သူများက အချက်အလက်များကို တိကျစွာမဖြေကြားနိုင်သည်ကိုလည်း တွေ့ရပါကြောင်း၊ အခြားဒေသသို့ ကာလရှည်သွားရောက်နေထိုင်ပြီး ပုံစံ ၁၀ ရွှေ့ပြောင်းမှုမရှိခြင်းကြောင့် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ခဲ့မှုမရှိသည်ကိုလည်း သိရပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိမိတို့၏မွေးသက္ကရာဇ်ကို မမှတ်မိခြင်းများလည်း ရှိပါကြောင်း၊ ကွင်းဆင်းဆောင်ရွက်ပေးသည့်အခါ လာရောက်ပြီး လုပ်ဆောင်နိုင်မှုမရှိခြင်းနှင့် ခရီးလွန်နေခြင်းများရှိပါကြောင်း၊ အချို့ဒေသများတွင်လည်း လုံခြုံရေးအရ ကန့်သတ်ချက်များရှိနေသည့်အတွက် ယင်းဒေသမှ သက်ဆိုင်ရာ ပြည်နယ်အစိုးရ၊ လုံခြုံရေးအဖွဲ့အစည်းတို့နှင့် ညှိနှိုင်းခွင့်ပြုချက်ရယူပြီး သွားရောက်ရသည့် အခြေအနေများရှိပါကြောင်း။

ကိုဗစ်ကာလတွင် ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် နေရပ်ပြောင်းရွှေ့မှု များပြားနေပါကြောင်း၊ ပြည်တွင်းတွင်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် ရွှေ့ပြောင်းအလုပ်သမားများပါ နေရပ်ဒေသပြောင်းရွှေ့မှုများပြားနေသည့်အတွက် မဲဆန္ဒရှင်စာရင်းများသည်လည်း အမြဲတမ်းပြောင်းလဲနေခြင်းဖြစ်ပါကြောင်း၊ ယင်းအခက်အခဲများကို သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပြီး လာမည့်ကာလတွင် တိတိကျကျဖြစ်အောင်၊ ကျော်လွှားနိုင်အောင်၊ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်အောင် ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ အပိုင်း(၃)အနေဖြင့် မြန်မာ၊ ထိုင်း၊ တရုတ်၊ အိန္ဒိယ နယ်စပ်ထွက်ပေါက်များမှ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်ဝင်ရောက်လာသည့်အခါ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ကိုဗစ်–၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ တိတိကျကျ စစ်ဆေးပြီး ဝင်ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့အတူ ကယ်ဆယ်ရေးလေယာဉ်များနှင့် ပြန်လည်ရောက်ရှိလာကြသူများကိုလည်း ပြန်လည်ရောက်ရှိသည့်အခါ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြားသောဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ စနစ်တကျစိစစ်ပြီးမှ ဝင်ရောက်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါကြောင်း။

**ကြိုးပမ်းလုပ်ဆောင်မည်**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ရွေးကောက်ပွဲကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မိမိတို့ဝန်ကြီးဌာနတို့ ၃ ခု ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူများ၏ ပူးပေါင်းမှုစွမ်းအားကိုရယူ၍ လာမည့် ၂၀၂၀ ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်သင့်သူအားလုံး ပါဝင်နိုင်ရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်တက်ကြွကြွ ကြိုးပမ်းလုပ်ဆောင်မည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တွင် မဲဆန္ဒရှင်စာရင်းကို အိမ်ထောင်စုစာရင်းပေါ် အခြေခံ၍ ကောက်ယူခဲ့ပါကြောင်း၊ ထိုသို့ စာရင်းကောက်ယူသည့်အခါ အိမ်ထောင်စုစာရင်းတွင်ရှိသော်လည်း ယင်းနေရာ၌ လူမရှိခြင်းများ ကြုံတွေ့ရပါကြောင်း၊ ထို့ပြင် မဲဆန္ဒရှင်ရှိသော်လည်း အိမ်ထောင်စုစာရင်းတွင် မပါရှိခြင်းများရှိနေပါကြောင်း၊ တချို့သည် အိမ်ထောင်စုစာရင်းနှစ်ခုရှိနေသည်ကို

စာမျက်နှာ ၇ သို့ ❂

✪ စာမျက်နှာ ၆ မှ

တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခုအကြိမ်တွင် အိမ်ထောင်စုစာရင်းကို လုံးဝအခြေမခံဘဲ အမှန်တကယ်နေထိုင်သူများ၏ စာရင်းကိုကောက်ယူပါကြောင်း၊ အိမ်ထောင်စုစာရင်းရှိလျှင် အိမ်ထောင်စုစာရင်းအတိုင်း ကောက်ယူပါကြောင်း၊ အိမ်ထောင်စုစာရင်းရှိသော်လည်း လူမရှိလျှင် မကောက်ယူပါကြောင်း၊ လူရှိပြီး အိမ်ထောင်စုစာရင်းမရှိလျှင်လည်း စာရင်းကောက်ယူပါကြောင်း၊ ယခုကောက်ယူသည့်နည်းသည် မဲဆန္ဒရှင်စာရင်းဦးရေ ဖောင်းပွခြင်းမရှိနိုင်ပါကြောင်း၊ သို့သော် မဲဆန္ဒရှင်စာရင်း ကပ်လိုက်သည့်အခါ အမှားအယွင်းများ များလာသည်ကို တွေ့ရှိရပါကြောင်း၊ ယခုမဲစာရင်းကပ်သည့်အခါတွင် မဲပေးခွင့်ရှိသူစာရင်း ၃၇ သန်း ၅ သိန်းကျော်ရရှိပါကြောင်း၊ မဲစာရင်းလာကြည့်ရှုသူမှာ ၆ သန်း ၆ သိန်းကျော်ရှိပါကြောင်း၊ လာရောက်ကြည့်ရှုပြီး နောက်ပုံစံ(၃)ဖြင့်တောင်းဆိုသည့် ဦးရေ ၂ သိန်း ၁ သောင်း ကျော် ရှိပါကြောင်း၊ ပုံစံ(၄)ဖြင့် ကန့်ကွက်သူဦးရေ ၆ သောင်း ၆ ထောင်ကျော်ရှိပါကြောင်း၊ အချက်အလက်မှားယွင်းသည့်အတွက် ပုံစံ(၄-ဂ)ဖြင့် တင်ပြလာသူဦးရေ ၁ သိန်း ၅ သောင်း ကျော်ရှိပါကြောင်း။

**အမြန်ဆုံးဖြည့်သွင်းသွားမည်**

မိမိအနေဖြင့် ယခုတောင်းဆိုထားသည်များကို သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အမြန်ဆုံး ဖြည့်သွင်းသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဖြည့်သွင်းပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းများထံ ၎င်းတို့၏ မဲဆန္ဒရှင်များထဲမှ မည်သူများကျန်ရှိနေသည်ကို သိရှိရန် ပြုပြင်ပြီးမဲစာရင်းများကို ပေးပို့ရန် အစီအစဉ်ရှိပါကြောင်း။

မဲဆန္ဒရှင်များ မဲပေးသည့်အခါ ကျန်းမာရေးအရ လုံလုံခြုံခြုံဖြင့် မဲပေးနိုင်ရေးသည် အဓိကစဉ်းစားရမည့် ကိစ္စဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်များ၏ ကျန်းမာရေးအတွက်ပါ စဉ်းစားပြီး စီစဉ်ရမည့်ရွေးကောက်ပွဲဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲကြီးကို မဲဆန္ဒရှင်များ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့်ပျော်ရွှင်ချမ်းမြေ့စွာ လာရောက်မဲပေးနိုင်မည်ဟု မျှော်လင့်ထားပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးတစ်ရပ် ပြုလုပ်ပြီး မဲဆန္ဒရှင်များ မဲပေးသည့်နေရာတွင် မည်သို့လုံခြုံစေမည်၊ မည်သို့လုပ်ဆောင်ရမည်၊ ဆောင်ရန်နှင့် ရှောင်ရန်များကို ညှိနှိုင်းခဲ့ပါကြောင်း၊ ထိုညှိနှိုင်းချက်များအရ လက်တွေ့သရုပ်ပြ မဲရုံလုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအားလုံးသည် မျက်နှာဖုံးကာဘာများ၊ နှာခေါင်းစည်းများနှင့် လက်အိတ်များလည်းတပ်ထားမည်ဖြစ်ကြောင်း၊ မဲရုံအတွင်းထိုင်ခုံများကိုလည်း ၆ ပေအကွာ ထားရှိမည်ဖြစ်ပါကြောင်း၊ မဲရုံထဲတွင် မဲဆန္ဒရှင်များ တစ်ယောက်နှင့် တစ်ယောက် ၆ ပေအကွာရပ်ရန် အမှတ်အသားများ မှတ်ထားပြီး မဲရုံများကိုပြင်ဆင်ထားပါကြောင်း။

**ပြန်လည်စဉ်းစားသုံးသပ်သွားမည်**

မဲရုံပြင်ပတွင် မဲဆန္ဒရှင်များလာသည့်အခါ ကြည့်နိုင်မည့် မဲနမူနာများ၊ ပယ်မဲနမူနာများ၊ ခိုင်လုံသည့် မဲနမူနာပုံစံများကပ်ထားပါကြောင်း၊ မဲရုံအတွင်းသို့ဝင်မည်ဆိုလျှင် လက်ဆေးပြီး အပူချိန်တိုင်းကာ ဝင်ရောက်ရမည်ဖြစ်ကြောင်း၊ မဲရုံအဝင်ဝတွင် တစ်ခါသုံးလက်အိတ်များထားရှိထားပြီး မဲဆန္ဒရှင်များကိုယ်တိုင်ယူရမည်ဖြစ်ကြောင်း၊ မဲရုံအတွင်းသို့ ရောက်ရှိသည့်အခါ မဲလက်မှတ်ထုတ်ပေးသူရှေ့တွင် မဲလက်မှတ်တောင်းဆိုရမည်ဖြစ်ကြောင်း၊ ထိုသို့တောင်းဆိုသည့်အချိန်တွင် မဲလက်မှတ်ထုတ်ပေးသူသည် မဲဆန္ဒရှင် မှန်၊ မမှန်မေးမြန်း စိစစ်ပြီး မှန်လျှင် မဲလက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း၊ ထိုမဲလက်မှတ်ကိုယူပြီး မဲပေးခန်းသို့ သွားရမည်ဖြစ်ပါကြောင်း၊ လျှို့ဝှက်မဲပေးခန်းတွင် သတ်မှတ်ထားသည့် တံဆိပ်တုံးဖြင့် မိမိကြိုက်သည့် လွှတ်တော်ကိုယ်စားလှယ်အား နှိပ်ရမည်ဖြစ်ကြောင်း၊ လက်အိတ်များဖြင့် တံဆိပ်တုံးနှိပ်ရာတွင် တိကျမှုရှိစေရေးကို ပြန်လည်စဉ်းစားသုံးသပ်သွားမည် ဖြစ်ပါကြောင်း။

မဲပေးလာသူများသည် တစ်ဦးနှင့်တစ်ဦး ၆ ပေအကွာနေ၍ မဲပေးကြရမည်ဖြစ်သောကြောင့် အချို့နေရာများတွင် မဲရုံများတိုးချဲ့ထားပါကြောင်း၊ မဲဆန္ဒရှင်များသည့်နေရာများတွင် မဲပေးရန် နှစ်ဆိုင်းသုံးဆိုင်းခွဲထားပါကြောင်း၊ မဲပေးရန် တစ်ဦးလျှင် ၇ မိနစ် ကြာမြင့်ပါကြောင်း၊ မဲပေးချိန် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ တစ်ဦးလျှင် ခုနစ်မိနစ်နှုန်းဖြင့် တွက်ကြည့်သည့်အခါ မဲပေးသည့်နေရာတွင် လူဦးရေ ၇၀၀ ထက်မပိုလျှင် အဆင်ပြေမည်ဟု ယူဆသည့်အတွက် မဲဆန္ဒရှင်များကို အဆိုင်းလိုက် စီစဉ်ထားပါကြောင်း၊ အချို့မဲရုံများကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရန် အားကစားကွင်းများတွင် စီစဉ်ထားပါကြောင်း။

၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် ပြည်သူအများမဲပေးကြရာ၌ အချို့နေရာများတွင် ညနေ ၄ နာရီထက်ကျော်လွန်ပါကြောင်း၊ ငါးနာရီ၊ ခြောက်နာရီမှ ပြီးသည့်နေရာများရှိပါကြောင်း၊ မဲရုံပရဝဏ်သို့ ညနေ ၄နာရီအတွင်း ရောက်ရှိသူများကို ၎င်းတို့ မဲပေးပြီးသည်အထိ ဆောင်ရွက်ပေးရပါကြောင်း၊ အဓိကမှာ ညနေ ၄ နာရီအတွင်း ရောက်ရှိပါက မဲပေးသည့် လုပ်ငန်းစဉ်ပြီးဆုံးသည်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၄ နာရီမထိုးမီ မဲရုံပရဝဏ်အတွင်းသို့ အရောက်လာရန် လိုအပ်ပါကြောင်း၊ မဲဆွယ် စည်းရုံးရေးလုပ်ငန်းများ မည်သို့ဆောင်ရွက်ရမည်ကို ညှိနှိုင်းဆွေးနွေးပြီး ကြိုတင်အသိပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ပတ်သက်၍ အခြေခံ အကြောင်းရင်းများရှိပါကြောင်း၊ မဲစာရင်းကောက်ယူသည့် စနစ်ပုံစံအရရှိသည့်လူကို သွားရောက်ကောက်ခံပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများပါဝင်သည့်အဖွဲ့ဖြင့် သွားရောက်ကောက်ခံပါကြောင်း၊ သွားရောက်ကောက်ခံသည့်အခါတွင် သံတူကြောင်းကွဲစကားလုံးများ ထည့်သွင်းရေးသားရာ၌ မှားယွင်းမှုများရှိခြင်း၊ ရပ်ရွာဓလေ့အရ နာမည်အရင်းကို မပြောပြဘဲ ငယ်နာမည်ကိုပြောခြင်း၊ လယ်တောထဲ၌ သွားရောက်အလုပ်လုပ်ကိုင်နေသည့်အတွက် သွားရောက်ကောက်ခံသည့်အခါ မတွေ့ခဲ့၍ အမည်စာရင်း မပါဝင်ခြင်းများရှိပါကြောင်း၊ အကြောင်းရင်းများကိုသိရှိပါက ပူးပေါင်းဖြေရှင်း၍ ရပါကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း အကြောင်းရင်းကို သိမည်၊ သေချာစွာ ရှင်းပြမည်ဆိုလျှင် မဲစာရင်းမှန်ကန်ရေးဆောင်ရွက်ချက်များကို များစွာအထောက်အကူပြုမည်ဟု ထင်မြင်မိပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက မဲစာရင်းများမှားယွင်းသည့်ကိစ္စအတွက် ပြင်ဆင်ရေးအဖွဲ့များ ဖွဲ့စည်း၍ စတင်ဆောင်ရွက်လုပ်နည်းများနှင့်အညီ အခက်အခဲများကို ကူညီဖြေရှင်းသွားရန် အသင့်ရှိပါကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေခြင်းသည် နိုင်ငံရေးအရတင် မဟုတ်ပါကြောင်း၊ နိုင်ငံ၏အရေးအရကို အလွန်အရေးကြီးပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် စင်ကာပူနိုင်ငံရွေးကောက်ပွဲနှင့် ကိုရီးယားနိုင်ငံရွေးကောက်ပွဲများကို လေ့လာခဲ့သည်ဟု သိရှိရပါကြောင်း၊ အဆိုပါနိုင်ငံများ၏ ရွေးကောက်ပွဲများသည် ချောချောမွေ့မွေ့အဆင့်မီမီဖြင့် ပြီးစီးခဲ့ကြောင်းကို တစ်ကမ္ဘာလုံးက လက်ခံပါကြောင်း၊ ယင်းနိုင်ငံများသည် အလွန်ချမ်းသာသည့် နိုင်ငံများဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ယင်းနိုင်ငံများကဲ့သို့ ချမ်းသာသည့်နိုင်ငံ မဟုတ်ပါကြောင်း၊ ကိုဗစ်ရောဂါ စတင်ဖြစ်ပွားစဉ်က အခြားနိုင်ငံများက အရင်းအမြစ်နည်းပါးသည့် မိမိတို့ကဲ့သို့ နိုင်ငံတစ်နိုင်ငံက အဆိုပါကပ်ရောဂါအား ထိန်းချုပ်နိုင်၊ မထိန်းချုပ်နိုင်ကို သံသယရှိခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် မိမိတို့နိုင်ငံသည် ကပ်ရောဂါကို ယခုအချိန်အထိ ထိန်းချုပ်ထားနိုင်သည်ကို လက်ခံလာပါကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်သည် မပြီးဆုံးသေးပါကြောင်း၊ မည်သည့်အချိန်အထိ ကြာမြင့်နေမည်ကိုလည်း မသိသေးပါကြောင်း၊ ယင်းကာလထဲတွင် ရွေးကောက်ပွဲကျင်းပရန်ရှိပါကြောင်း။

**အားလုံးပူးပေါင်းဆောင်ရွက်**

မိမိတို့ပြည်သူပြည်သားများ၏ အခွင့်အရေးနှင့် တာဝန်အရ၊ နိုင်ငံ၏သိက္ခာအရ ရွေးကောက်ပွဲကို အောင်အောင်မြင်မြင်၊ ကျန်းမာရေးအရ လုံလုံခြုံခြုံဖြင့် ကျင်းပနိုင်သည်ကို ပြသလိုပါကြောင်း၊ မိမိတို့ နိုင်ငံသူနိုင်ငံသားများ၏ အရည်အချင်းသည် ငွေရေးကြေးရေးပေါ်တွင်သာ အခြေခံခြင်းမဟုတ်ဘဲ တာဝန်သိမှု၊ စည်းကမ်းထိန်းသိမ်းမှု၊ နိုင်ငံအပေါ် သစ္စာစောင့်သိမှုအပေါ်တွင်သာ အခြေခံပြီး အောင်မြင်အောင် လုပ်ဆောင်သွားသည်ကို ပြသလိုပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ အားလုံးပူးပေါင်းဆောင်ရွက်ပြီး ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး၊ ရွေးကောက်ပွဲတွင် ပြည်သူများ၏ အခွင့်အရေး အပြည့်အဝရရှိရေးနှင့် တာဝန်ကျေပွန်ရေးတို့ကို အပြည့်အဝထမ်းဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**☆ မိမိတို့ပြည်သူပြည်သားများ၏ အခွင့်အရေးနှင့် တာဝန်အရ၊ နိုင်ငံ၏သိက္ခာအရ ရွေးကောက်ပွဲကို အောင်အောင်မြင်မြင်၊ ကျန်းမာရေးအရ လုံလုံခြုံခြုံဖြင့် ကျင်းပနိုင်သည်ကို ပြသလို**

**☆ မိမိတို့ နိုင်ငံသူ နိုင်ငံသားများ၏ အရည်အချင်းသည် ငွေရေးကြေးရေးပေါ်တွင်သာ အခြေခံခြင်းမဟုတ်ဘဲ တာဝန်သိမှု၊ စည်းကမ်းထိန်းသိမ်းမှု၊ နိုင်ငံအပေါ် သစ္စာစောင့်သိမှုအပေါ်တွင်သာ အခြေခံပြီး အောင်မြင်အောင် လုပ်ဆောင်သွားသည်ကို ပြသလို**

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်က မဲစာရင်းမှန်ကန်ရေးအတွက် ပြင်ဆင်မှုနှင့်ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အခန်းကဏ္ဍကို ဦးစွာတင်ပြလိုပါကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအသီးသီးကို ဖွဲ့စည်းထားပါကြောင်း၊ ယင်းအဖွဲ့အစည်းများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်အားလုံးကို ကူညီပံ့ပိုးဆောင်ရွက်ရပါကြောင်း။

**တိတိကျကျ ညွှန်ကြားထား**

ကိုဗစ်-၁၉ ကာလ၌ ရောဂါစစ်ဆေးကုသသည့် လုပ်ငန်းမှလွဲ၍ ကျန်သည့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်များတွင် မိမိတို့ဦးစီးဌာနက ဝင်ရောက်ဆောင်ရွက်လျက်ရှိသည့်အတွက် ဝန်ထမ်းများအနေဖြင့် သင်ခန်းစာများနှင့် အတွေ့အကြုံများရရှိခဲ့ပါကြောင်း၊ ယင်းအတွေ့အကြုံများအပေါ်တွင် အခြေခံပြီး မဲဆန္ဒရှင်များနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ကူညီပံ့ပိုးရမည့် လုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေးသည် များစွာအရေးကြီးသည့်အချက်ဖြစ်သည်ကို လက်ခံကျင့်သုံးနေပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်သမ္မတရုံးက ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအားလုံး မဲပေးပိုင်ခွင့်ရှိရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏လုပ်ငန်းများကို အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် တိတိကျကျ ညွှန်ကြားထားပါကြောင်း။

မဲစာရင်းများ မှားယွင်းခြင်း၊ မပြည့်စုံခြင်းတို့နှင့် နေပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာလတွင် ဒုတိယအကြိမ်အဖြစ် မဲစာရင်း ထပ်မံကြေညာသည့်အခါ ယခုကြုံတွေ့နေရသည့် မဲစာရင်းမှားယွင်းမှုများ၊ မပြည့်စုံမှုများကို ဖြေရှင်းပြီး ဖြစ်စေရန် စနစ်တကျ စီမံချက်ချ၍ ဆောင်ရွက်ထားပါကြောင်း။

**အသိပညာပေးရန် စီစဉ်ထား**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ပြည်သူများ သွားရောက်မဲပေးသည့်အခါ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များ လိုက်နာဆောင်ရွက်ရေး အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း၊ သွားရောက်မဲပေးသည့်အခါ မည်သို့လုပ်ဆောင်ရမည်ဆိုသည့် ကိစ္စများနှင့် ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်ထားသည့် အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရပ်ကွက်ကျေးရွာများအတွင်း Volunteer များက အသံချဲ့စက်များ၊ လက်ကိုင်စပီကာများဖြင့် လိုက်လံအသိပညာပေးရန် စီစဉ်ထားပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိစ္စအားလုံး၏ အုပ်ချုပ်ရေးအခြေခံလုပ်ငန်းစဉ်များကို မိမိတို့ဦးစီးဌာနမှ ဝန်ထမ်းများက ဖြည့်ဆည်းလုပ်ကိုင်ပေးရပါကြောင်း၊ မဲစာရင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး အချက်အလက်များ၊ မဲစာရင်းမှားယွင်းမှုများ၊ မပြည့်စုံမှုများနှင့်ပတ်သက်၍ ဆောင်ရွက်ရန် အခက်အခဲများရှိလာပါက မိမိတို့ဦးစီးဌာနမှ ဝန်ထမ်းများကို ဆက်သွယ်အကူအညီ တောင်းခံရန် ပြည်သူလူထုကို တင်ပြလိုပါကြောင်း၊ ထိုသို့ အကူအညီတောင်းခံလာပါက မိမိတို့၏ဝန်ထမ်းများအနေဖြင့် ကော်မရှင်က သတ်မှတ်ထားသည့် နည်းဥပဒေ၊ စည်းကမ်း၊ လုပ်ထုံး

လူတစ်ယောက်၏ ဘဝတွင် အသက် ၁၈ နှစ်ကစပြီး မဲပေးမည်ဆိုလျှင် ရွေးကောက်ပွဲကို ၅ နှစ် တစ်ကြိမ် ကျင်းပသည့်အတွက် အသက် ၈၀ အထိ နေနိုင်မည်ဆိုပါက ၁၂ ကြိမ်သာ မဲပေးပိုင်ခွင့်ရှိပါကြောင်း၊ ထို့ကြောင့် အသက် ၈၀ အတွင်းတွင် မိမိနိုင်ငံ၏ အနာဂတ်အတွက်၊ မိမိနိုင်ငံ၏ တိုးတက်မှုအတွက် ရွေးကောက်ပွဲအရ လူတစ်ယောက် လုပ်ပိုင်ခွင့်သည် တစ်သက်တွင် ၁၂ ကြိမ်သာရှိပါကြောင်း၊ ယင်း ၁၂ ရက်ကို အကောင်းဆုံးဖြစ်အောင် အသုံးချစေလိုပါကြောင်း၊ အကောင်းဆုံးအသုံးချနိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ကူညီရန်တာဝန်ရှိပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးပေးကြသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်ပြီး ပြည်သူများ ယုံကြည်နိုင်အောင်၊ ပြည်သူများ ကျေနပ်အောင် လုပ်ဆောင်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

မဲစာရင်းတွင် ပါ၊ မပါနှင့် မဲစာရင်း မှား၊ မမှား လာရောက်ကြည့်ရှုစစ်ဆေးသူများ အလွန်များသည်ဆိုသည့် အချက်သည် ကောင်းမွန်သည့်လက္ခဏာဖြစ်ပါကြောင်း၊ ယင်းအချက်သည် ရွေးကောက်ပွဲပေါ်တွင် ပြည်သူများ စိတ်ဝင်စားမှုရှိကြောင်း၊ ရွေးကောက်ပွဲ၏အရေးပါမှုကို အသိအမှတ်ပြုနားလည်ကြောင်းကို ပြသခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကို အောင်အောင်မြင်မြင်ဖြင့် ကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယုံကြည်သည့်အတိုင်း ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းလုပ်ဆောင်ပေးကြမည်ဟု ကြားသိရသဖြင့် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

သတင်းစဉ်

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေး၌ သတင်းရယူခွင့်ရမည့် မီဒီယာများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၅

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ နေပြည်တော်ရှိ မြန်မာ့အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)နှင့်(၂)တို့၌ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါအစည်းအဝေးတွင် သတင်းရယူခွင့်ရရှိမည့် မီဒီယာများစာရင်းကို ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

သတင်းရယူခွင့်ရရှိသည့် မီဒီယာများစာရင်းအသေးစိတ်ကို www.moi.gov.mm, www.mdn.gov.mm နှင့် www.mrtv.gov.mm Website များနှင့် ဖေ့စ်ဘွတ်စာမျက်နှာများဖြစ်သည့် moiwebportalmyanmar, Myanmar Digital News နှင့် MRTV တို့တွင် ထုတ်ပြန်ကြေညာထားပြီး သတင်းရယူခွင့်ရရှိသည့် မီဒီယာများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတ်မှတ်ချက်များအတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ ကျောဖုံးမှ

ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာမင်းရဲပိုင်ဟိန်းနှင့် ဦးစိုးအောင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ ပါမောက္ခချုပ်များ ကော်မတီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ လူငယ်စွန့်ဦး တီထွင်လုပ်ငန်းရှင်များအသင်း (ဗဟို)တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆုံးဖြတ်ချက် (၄)ချက်**

အစည်းအဝေးတွင် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ၏ (၁/၂၀၁၉) အစည်းအဝေးကို ၂၀၁၉ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက်(၄)ချက် ချမှတ်ခဲ့ပါကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ ခေတ်မီသိပ္ပံနှင့် နည်းပညာများကို အခြေခံသည့် သုတေသန ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ နည်းပညာ ပြန့်ပွားရေးနှင့် နည်းပညာလွှဲပြောင်းခြင်း လုပ်ငန်းများဆောင်ရွက်ရန်၊ ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာရေးအတွက် လေ့ကျင့်ပညာပေးခြင်းများ ဆောင်ရွက်ရန်၊ တက္ကသိုလ်များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားသော အဖွဲ့အစည်းများအကြား အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်၊ ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြုချီးမြှင့်ရန်နှင့် အကျိုးခံစားခွင့်များရရှိစေရန်၊ ဈေးကွက်စီးပွားရေးကို အားပေးသော သုတေသနဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရေး စီစဉ်ဆောင်ရွက်ရန် စသည့်သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရန်အတွက် ကျင်းပရခြင်းဖြစ်ပါကြောင်း။

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု နည်းဥပဒေကို အမြန်ဆုံးပြဋ္ဌာန်းနိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း။

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်း (Science, Technology and Innovation – STI) များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့်မူဝါဒများနှင့်



ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး

လုပ်ငန်းမူဘောင်များ ရေးဆွဲနိုင်ရေးအတွက် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာစီးပွားရေးနှင့် လူမှုရေးကော်မရှင် (United Nations Economic and Social Commission for Asia and the Pacific–UNESCAP) နှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး Organization for Economic Co–operation and Development (OECD) ၏ မိတ်ဖက်လည်းဖြစ်သည့်အတွက် United Nation (UN) နှင့် OECD တို့၏ STI သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရန်နှင့် OECD က နှစ်အလိုက်ထုတ်ပြန်ထားသည့် STI Outlook နှင့်လည်း ကိုက်ညီရန် လိုအပ်ပါကြောင်း။

**ဦးစားပေးဆောင်ရွက်**

ထို့အပြင် မူဝါဒများရေးဆွဲရာတွင်လည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အမျိုးသားအဆင့် မူဝါဒများနှင့် ၎င်းမူဝါဒများကို ဖော်ဆောင်မည့် နည်းဗျူဟာများ ချမှတ်နိုင်ရန် လိုအပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးက အဆင့်မြင့် အရာရှိကြီးများကိုယ်တိုင် ပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားလိုပါကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့်လည်း လက်ရှိဆောင်ရွက်နေသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ပြီး နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ပိုမိုဖွံ့ဖြိုးလာစေရန်အတွက် နိုင်ငံ၏ လိုအပ်ချက်ပေါ် မူတည်ပြီး ဦးစားပေးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သို့မှသာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အမျိုးသားအဆင့်မူဝါဒများကို ဖော်ဆောင်ရေးဆွဲရာမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့်မူဝါဒများ ဖြစ်လာစေရေးသာမက ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals – SDGs) 2030 နှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ဥပမာအားဖြင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) အနက် ပန်းတိုင်အမှတ်(၄) ဖြစ်သည့် အရည်အချင်းပြည့်ဝသော ပညာရေးရရှိရေး၊ ပန်းတိုင်အမှတ်(၅)ဖြစ်သည့် ကျား–မ တန်းတူ ညီမျှရှိရေးနှင့် ပန်းတိုင် အမှတ်(၉)ဖြစ်သည့် စက်မှုလုပ်ငန်း၊ တီထွင်ဆန်းသစ်မှုနှင့် အခြေခံ အဆောက်အအုံမြှင့်တင်ရေး စသည်တို့နှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပန်းတိုင်အမှတ်(၁၇)ဖြစ်သည့် ရည်မှန်းချက်များအားလုံးအတွက် မိတ်ဖက် ပူးပေါင်းဆောင်ရွက်ရေးကိုလည်း တိုးမြှင့်ဆောင်ရွက်ခြင်းကို တစ်ပါတည်း စဉ်းစားလုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတော်က ချမှတ်ထားသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan – MSDP) တွင် ပါဝင်သည့် မဏ္ဍိုင်(၂)၊ ပန်းတိုင်(၃)၏ မဟာဗျူဟာ အမှတ် ( ၇ ) တွင် ဖော်ပြထားသော ခေတ်မီတိုးတက်သည့် နိုင်ငံဖြစ်လာရေးကို အထောက်အပံ့ဖြစ်စေသည့် ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုကို ပိုမိုတွန်းအားပေးရာ ရောက်မည်ဖြစ်ပါကြောင်း။

**ထပ်မံဖွဲ့စည်း**

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီ(၈)ခု၏ အမည်များနှင့် အဖွဲ့ဝင် အမည်စာရင်းများကို ရရှိပြီးဖြစ်သည့်အတွက် ယခုအစည်းအဝေးမှာ အတည်ပြုဆုံးဖြတ်ချက်ရယူကာ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သလိုသက်ဆိုင်ရာ ကဏ္ဍအလိုက် လိုအပ်သည့် ကော်မတီများ ထပ်မံဖွဲ့စည်းနိုင်ရေး ဆွေးနွေးအကြံပြုပေးကြရန် ပြောကြားလိုပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လုပ်ငန်းကော်မတီများ ထပ်မံဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ASEAN Plan of Action on Science, Technology and Innovation (2016 – 2025)၏ ရည်မှန်းချက်များနှင့် အကောင်အထည်ဖော်မှုအစီအစဉ်များကို အခြေခံ၍ မိမိတို့၏ ကော်မတီများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကာလအပိုင်းအခြားအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် Work Plan" များ၊ "Vision and Goals တို့ကို စနစ်တကျ ရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကော်မတီအသီးသီးက ရရှိလာသော Work Plan များနှင့် Vision and Goals များကို စုစည်းပြီး National STI Action Plan and Implementation Plan ရေးဆွဲနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေ၏ ရည်ရွယ်ချက်များ ထိရောက်အောင်မြင်စေရေးအတွက် နိုင်ငံအကျိုးပြုသိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ သုတေသနပြုလုပ်ခြင်းမှ ရရှိလာသည့် ရလဒ်များကို စက်မှုလုပ်ငန်းများနှင့် ထုတ်လုပ်ရေးလုပ်ငန်းများထံသို့ နည်းပညာများ လွှဲပြောင်းပေးနိုင်ရေးသည်လည်း အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ရှိရင်းစွဲနည်းပညာများ၏ တန်ဖိုးကိုမြှင့်တင်ပြီး စီးပွားရေး ဈေးကွက်ရရှိနိုင်သည့် အခြေအနေဖြစ်အောင် ဖန်တီးပေးနိုင်ရန် လိုအပ်ပါကြောင်း။

ယခုလို ဖန်တီးရာတွင်လည်း နည်းပညာများကို တီထွင်ဖန်တီးသူနှင့် ရင်းနှီးမြှုပ်နှံသူများအကြား တန်ဖိုးခွဲဝေရယူနိုင်မှုရှိမှသာ အချင်းချင်းအကျိုးခံစားခွင့်များ ရှိလာပြီး တီထွင်ဖန်တီးသူများလည်း တိုးတက်များပြားလာမည်ဖြစ်ကာ အခြားတစ်ဖက်တွင်လည်း တိုင်းပြည်၏ စီးပွားရေးကို မြှင့်တင်ရာရောက်မည်ဖြစ်ပါကြောင်း။

**အခြေခံလုပ်ငန်းစဉ်**

နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများ ပိုမိုတိုးတက်များပြားလာစေရန် အခြေခံပညာ အဆင့်မှ စတင်၍ အသိပညာပေးနိုင်ရန် စီမံဆောင်ရွက်နေခြင်းသည်လည်း STI ၏ အခြေခံလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ရှာဖွေတွေ့ရှိထားသည့် နည်းပညာနှင့် တီထွင်မှု(Invention) များကို ကာကွယ်မှုနှင့်တန်ရာတန်ကြေးရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်းသည်လည်း STI ၏ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ ယခုလို ကာကွယ်မှုများပေးနိုင်ရန်အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေများ ကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ နည်းပညာလွှဲပြောင်းခြင်းနှင့် မူပိုင်ခွင့်မျှဝေသုံးစွဲခြင်းတို့ အသက်ဝင်လာအောင်ဆောင်ရွက်မည့် တီထွင်သူနှင့် သုံးစွဲသူ (လုပ်ငန်းရှင်)အကြား ဆက်သွယ်ပေးမည့် ကြားခံအဖွဲ့အစည်း လိုအပ်ပါကြောင်း၊ နိုင်ငံတကာတွင် Technology Transfer Office သို့မဟုတ် Technology Transfer Center များ ထူထောင်ပြီး ဆောင်ရွက်နေသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း နည်းပညာ လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ငန်းများကို ဥပဒေအရ တာဝန်ရှိသော တာဝန်ခံဦးစီးဌာနက ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ သုတေသန ပြုလုပ်သူအနေဖြင့် အကာအကွယ်ရရှိပြီး လုပ်ငန်းရှင်များ၏ နည်းပညာလိုအပ်မှုများကို လျင်မြန်တိကျစွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ တီထွင်ဖန်တီးသည့် မည်သူကိုမဆို ၎င်း၏တီထွင်ဖန်တီးမှုအတွက် ထိုက်တန်သည့် အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ပါကြောင်း။

ယခုလို တီထွင်ဖန်တီးမှုဆိုင်ရာ အကျိုးကျေးဇူးများကို ထင်သာမြင်သာဖြစ်အောင် တက္ကသိုလ်များ၊ ကောလိပ်များနှင့် ကျောင်းများတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကိုအသိပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်းအားဖြင့် တီထွင်ကြံဆဖန်တီးမည့်သူများ ပိုမိုများပြားလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုပြပွဲ၊ ပြိုင်ပွဲများနှင့် ဟောပြောပွဲများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**စနစ်တကျဆောင်ရွက်**

ထို့အပြင် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များကို နည်းပညာအသစ်များ အသုံးချနိုင်ရေးနှင့် လိုအပ်သည့် နည်းပညာများကို လွှဲပြောင်းရယူနိုင်ရေးစသည့် အသိပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာပါက နည်းပညာနှင့် တီထွင်ကြံဆမှုများ အားကောင်းလာနိုင်သည့်အတွက် တီထွင်သူများ၏ နည်းပညာများကို ကာကွယ်ပေးခြင်းနှင့် နည်းပညာလွှဲပြောင်းခြင်းများကို ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ပေးရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

အားလုံးပါဝင်နိုင်သည့် မြို့ပြနှင့် ကျေးလက် ဟန်ချက်ညီညီစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာကဏ္ဍဖြင့် သယ်ပိုးဆောင်ရွက်နိုင်ရေး လုပ်ငန်းများ ရေးဆွဲချမှတ် ဆောင်ရွက်ရာတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးမြူခြင်း၊ အောင်မြင်သည့် သုတေသနများအား စီးပွားဖြစ်အကောင်အထည်ဖော်ခြင်း၊ အခြေခံသုတေသနများမှ အသုံးချသုတေသနများအထိ သုတေသနကွန်ရက်များ ဖော်ဆောင်ခြင်း၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တီထွင်ကြံဆမှု၊ ဖန်တီးမှုများ တိုးမြှင့်နိုင်သည့် စနစ်တစ်ခုကို ချမှတ်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတကာက ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် စဉ်ဆက်မပြတ် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာ၏ အကူအညီအထောက်အပံ့များကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေများ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်သင့်သည့်အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်သွားရမည်ဖြစ်ပါကြောင်း။

**အင်တိုက်အားတိုက်ဆောင်ရွက်**

ဒေသအလိုက် ရှိရင်းစွဲ သယံဇာတအရင်းအမြစ်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာအသစ်များ တီထွင်ဖန်တီးနိုင်ရန် လိုအပ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာအောင်လည်း အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ထို့အပြင် သက်ဆိုင်ရာဌာနများအနေဖြင့် လုပ်ငန်းလမ်းညွှန်များ စနစ်တကျရှိစေရေး၊ သုတေသနရလဒ်များကို စီးပွားဖြစ်အသုံးချနိုင်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများက တောင်းဆိုလာသည့် သုတေသနလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ယနေ့ အစည်းအဝေးကို တက်ရောက်လာကြသူများအနေဖြင့် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်လိုအပ်သည့်အကြံပြုချက်များကို ပွင့်လင်းစွာ ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက သုတေသန ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးအတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၂၁–၂၀၃၀ (National Education Strategic Plan 2021–2030) ကို ရေးဆွဲဆောင်ရွက်နေမှုအခြေအနေ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဗဟိုဌာန (Center of Research and Innovation) တည်ထောင်ဖွင့်လှစ်သွားမည့် အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်များတွင် မိမိတို့ဒေသအလိုက် လိုအပ်သည့်နည်းပညာများ တီထွင်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်မည့်အခြေအနေ၊ အဆင့်မြင့်ပညာကဏ္ဍတွင်သာမက အခြေခံပညာကဏ္ဍတွင်လည်း ထီထွင်ဖန်တီးမှုဆိုင်ရာ စိတ်ကူးစိတ်သန်းများ ရရှိနိုင်ရန် Application များ၊ Software များကို အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ (၁/၂၀၁၉) အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ နည်းဥပဒေများ၊ မူဝါဒများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၁ သို့ ★

# ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တွင် မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ပြည်ထောင်စုလွှတ်တော်က အတည်ပြု


ဒုတိယဝန်ကြီး ဦးဗရတ်ဆင်း


နွားထိုးကြီး မဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်


အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို


လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ

**နေပြည်တော် ဩဂုတ် ၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုးက ၂၀၂၀ - ၂၀၂၁၊ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မူနှင့်အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာနှင့် ရငွေသုံးငွေဆိုင်ရာ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုးနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းတို့က လွှတ်တော်သို့ ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူနှင့်အခြေခံသဘောအပါအဝင် ရငွေသုံးငွေများအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုးက ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် ရှိပါက အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြည့်စုံစွာဖော်ပြ၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**အီလက်ထရောနစ် စာပို့စနစ်နှင့် ဒစ်ဂျစ်တယ်သက်သေခံဆိုင်ရာ အခြေခံအဆောက်အအုံစနစ် စီမံကိန်းဆောင်ရွက်ရန် ဩစတြီးယားနိုင်ငံ Unicredit Bank ထံမှ ထောက်ပံ့ငွေ ယူရို သုည ဒသမ ၈၆၁ သန်းနှင့် အတိုးမဲ့ချေးငွေယူရို ၄ ဒသမ ၈၇၆သန်း ရယူနိုင်ရေး အတည်ပြု**

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အီလက်ထရောနစ်စာပို့စနစ်နှင့် ဒစ်ဂျစ်တယ်သက်သေခံဆိုင်ရာ အခြေခံအဆောက်အအုံစနစ် စီမံကိန်းဆောင်ရွက်ရန် ဩစတြီးယားနိုင်ငံ Unicredit Bank ထံမှ ထောက်ပံ့ငွေယူရို သုည ဒသမ ၈၆၁ သန်းနှင့် အတိုးမဲ့ချေးငွေ ယူရို ၄ ဒသမ ၈၇၆ သန်းရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံအပြန်အလှန် အသိအမှတ်ပြုမှု အစီအစဉ်များဆိုင်ရာ သဘောတူညီချက်မူဘောင်တွင်မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူက ယင်းစာချုပ်သည် အာဆီယံ ၁၀ နိုင်ငံနှင့် အာရှ - ပစိဖိတ် ခြောက်နိုင်ငံတို့အကြားတွင် ညှိနှိုင်းဆောင်ရွက်နေသည့် ကုန်သွယ်ရေးသဘောတူစာချုပ် ဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးအကောင်အထည်ဖော်ရာတွင် ကုန်သွယ်မှုစည်းမျဉ်းစည်းကမ်းများအား တိကျစွာလိုက်နာဆောင်ရွက်ရေး၊ ကျယ်ပြန့်ထိရောက်သည့် ပေါင်းစည်းချိတ်ဆက်ဆောင်ရွက်မှုအားကောင်းရေး၊ ပွင့်လင်းမြင်သာမှုရှိရေး၊ ထိရောက်သည့် ရလဒ်များပေါ်ပေါက်ရေး၊ ကုန်သွယ်ရေးမူဝါဒဆိုင်ရာ ယန္တရားများ ခိုင်မာရေးတို့အတွက် အဓိကထားပြီး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ပြောင်းလဲလာသည့်စီးပွားရေးပုံစံနှင့် ကိုက်ညီစေမည့် ပြဋ္ဌာန်းချက်များပါဝင်လာသည့်အတွက် ယင်းပြဋ္ဌာန်းချက် များနှင့်အညီ မိမိတို့နိုင်ငံတွင် လိုအပ်နေသည့် ဥပဒေသစ်များကို ရေးဆွဲနိုင်မည်**

နွားထိုးကြီး မဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်က သဘောတူစာချုပ်တွင်ပါဝင်သည့် အခန်းများကို လေ့လာကြည့်ရာတွင် ယခင်က အခြားသဘောတူစာချုပ်များတွင် မပါဝင်ခဲ့သည့် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးကဲ့သို့ အခန်းကို ခေတ်နှင့်လျော်ညီစွာ ထည့်သွင်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ပြောင်းလဲလာသည့်စီးပွားရေးပုံစံနှင့် ကိုက်ညီစေမည့် ပြဋ္ဌာန်းချက်များပါဝင်လာသည့်အတွက် ယင်းပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့နိုင်ငံတွင် လိုအပ်နေသည့် ဥပဒေသစ်များကို ရေးဆွဲနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် သဘောတူစာချုပ်တွင် ပါဝင်ခြင်းအားဖြင့် လက်ရှိကျင့်သုံးနေသည့် နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြီး နိုင်ငံတကာအဆင့်မီ ပြုပြင်ပြောင်းလဲမှုများလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မိမိနိုင်ငံ၏ စီးပွားရေးအဖွဲ့အစည်းများကို ခေတ်နှင့်အညီ လိုက်လျောညီထွေမှုဖြစ်စေပြီး နိုင်ငံတကာ တန်းဝင်စေမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် အခြားစာချုပ်ဝင်နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည့် (၃၇)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (အဆင့်-၃) အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၁၅ ဘီလီယံ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် စီမံကိန်းအဆင့်-၃တွင် COVID - 19 ကြောင့် စီးပွားရေးထိခိုက်မှုရှိသည့် လုပ်ငန်းများကို ဦးစားပေးထုတ်ချေးသွားရန် အစီအစဉ်များ ရေးဆွဲဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ COVID-19 ကြောင့် ထိခိုက်မှု ရှိ/မရှိ စိစစ်နိုင်ရန်အတွက် အချက်အလက်များကို ပြုစုထားပါကြောင်း၊ မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများမရှိစေရေးအတွက်ကိုလည်း ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ချေးငွေအာမခံကော်ပိုရေးရှင်း ဥပဒေမူကြမ်းကို ရေးဆွဲပြုစုလျက်ရှိပြီး ADB ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ ရယူ၍ Credit Gurantee Corporation တည်ထောင်ရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ချေးငွေကို MSMEs များထံ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ရောက်ရှိရေး၊ COVID-19 ကြောင့် ထိခိုက်သည့်လုပ်ငန်းများကို ဦးစားပေးရေး၊ တိုင်းဒေသကြီး/ပြည်နယ်အနှံ့အပြား ရောက်ရှိရေးတို့ကို ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ချေးငွေရယူမည့် ကိစ္စအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၈/၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးနိုင်နှင့် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးတို့က ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်ပအကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီရရှိမှုနှင့် စပ်လျဉ်း၍ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ်တွင် အမှန်တကယ် ထုတ်ယူသုံးစွဲနိုင်မှုသည် ယခင်နှစ်အလားတူကာလထက် ထက်ဝက်လျော့နည်းသည်ကို တွေ့ရပါကြောင်း၊ ပြည်ပအကူအညီအထောက်အပံ့သည် ချေးငွေမဟုတ်ဘဲ Grant ဖြစ်သည့်အတွက် COVID-19 ကာလတွင် လိုအပ်ချက်များ များစွာရှိသောကြောင့် များစွာသုံးစွဲဆောင်ရွက်မည်ဆိုပါက ပိုမိုကောင်းမွန်မည်ဆိုသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးနိုင်က အမျိုးသားစီမံကိန်း၏ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုတွင် ပြည်ထောင်စုဝန်ကြီးဌာန ခြောက်ခုမှ လုပ်ငန်းစီမံချက်အတွက် ပထမခြောက်လပတ်လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု ၂၄ ဒသမ ၃၇ ရာခိုင်နှုန်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ဒေသန္တရစီမံကိန်းအကောင်အထည်ဖော်နိုင်မှု အများဆုံး ၆၀ ရာခိုင်နှုန်းကျော်နှင့် အနည်းဆုံး ၄၈ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်သည့်အတွက် ကျန်ကာလများတွင် ရည်မှန်းချက်အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် တွန်းအားပေးဆောင်ရွက်သင့်သကဲ့သို့ ဝန်ကြီးဌာနများကလည်း ကြိုးစားဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ်ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၉/၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦးနှင့် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့က ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦးက ၂၀၁၉ - ၂၀၂၀ခု ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းပါ ပထမ ခြောက်လပတ်လျာထားချက်အပေါ် ဆောင်ရွက်ရာတွင် ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့် ကြွေးမြီရငွေတို့တွင် ရည်မှန်းချက်ထက် လျော့နည်းခဲ့သည့်ဝန်ကြီးဌာန ၁၈ ခုရှိကြောင်း တွေ့ရှိရသည့်အတွက် ဌာနများအနေဖြင့် အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်ပြီး ပြုပြင်သင့်သည်များကို ပြုပြင်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဘဏ္ဍာနှစ် ပြောင်းလဲသတ်မှတ်ခြင်း၏ ရည်ရွယ်ချက် အနှစ်သာရကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

**သက်ဆိုင်ရာ ကော်မတီများမှလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဒီမိုကရေစီ အခွင့်အရေးများဖြစ်သည့် မဏ္ဍိုင်များအကြား အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အချိန် နှင့်တစ်ပြေးညီ လုပ်ငန်းများပြီးစီးပြီး ဘဏ္ဍာနှစ်အလိုက် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်**

ပြည်ထောင်စုလွှတ်တော်တွင်ရှိသည့် သက်ဆိုင်ရာကော်မတီများမှလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဒီမိုကရေစီအခွင့်အရေးများဖြစ်သည့် မဏ္ဍိုင်များအကြား အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများပြီးစီးပြီး ဘဏ္ဍာနှစ်အလိုက် ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ဘတ်ဂျက်နှစ် ပြောင်းလဲလိုက်သည့်အတွက် တည်ဆောက်ရေးလုပ်ငန်းများသည် ပထမ ခြောက်လအတွင်း လုပ်ငန်း၏ ၅၀ ရာခိုင်နှုန်းနှင့်အထက် ပြီးပြတ်အောင်ဆောင်ရွက်နိုင်မှသာ စီမံကိန်းလုပ်ငန်းများ အဆင်ပြေ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ နှစ်စဉ်ဖြစ်ပေါ်နေသည့် ပိုလျှံငွေအများအပြား ကျန်ရှိနေမှုကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြင်ဆင်ဖြည့်စွက်ခွင့်ပြုလျာထားငွေစာရင်း ရေးဆွဲရာတွင် ဆက်လက်ဆောင်ရွက်ရန် အခက်အခဲရှိသည့် လုပ်ငန်းများမှ ပိုလျှံငွေများကို ပြန်လည်အပ်နှံကြရန်နှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများကို နောင်လာမည့် ဘဏ္ဍာနှစ် မူလခွင့်ပြုလျာထားငွေစာရင်း ရေးဆွဲရာတွင် ပြန်လည်ထည့်သွင်းရေးဆွဲတောင်းခံကြရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဩဂုတ် ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံ ၂၀၂၅ နှစ်လယ်အကဲဖြတ်မှု အစီရင်ခံစာ ရေးသားတင်သွင်းရေးဆိုင်ရာ နိုင်ငံအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော်  ဩဂုတ်  ၅**

မြန်မာနိုင်ငံ အာဆီယံ လူမှုရေး- ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်၏ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံ ၂၀၂၅ နှစ်လယ်အကဲဖြတ်မှုအစီရင်ခံစာ ရေးသားတင်သွင်းရေးဆိုင်ရာ နိုင်ငံအဆင့်အလုပ်ရုံဆွေးနွေး ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် အမျိုးသားပြတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ အာဆီယံ လူမှုရေး- ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့် အရာရှိကြီး ဒေါက်တာဒေါ်ခင်ကြည်ပြာ (ပါမောက္ခချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် - မန္တလေး)၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်၏ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ လုပ်ငန်းအစု အဖွဲ့ (Sectoral Body) ၁၅ ဖွဲ့မှ ကိုယ်စားလှယ်များနှင့် ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

**လေးနက်မှုရှိမည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် ယခုအစိုးရ တာဝန်ယူစဉ်ကာလအတွင်း အာဆီယံ၏ လုပ်ငန်းတစ်စိတ်တစ်ဒေသဖြစ်သည့် လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ အခြေပြမြေပုံ (၂၀၂၅)ပါ လုပ်ငန်း များအတွက် ဆောင်ရွက်ပြီးစီးမှု ကဏ္ဍများနှင့်ပတ်သက်၍ နိုင်ငံအဆင့် နှစ်လယ်အကဲဖြတ်မှုကို အာဆီယံ အတွင်းရေး မှူးချုပ်ရုံးသို့ ဆက်လက်တင်ပြနိုင်ရေး ဆောင်ရွက်ကြမည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်သည့်အတွက် အဓိပ္ပာယ်သက်ရောက် မှုများရှိ၍ လေးနက်မှုရှိမည်ဟု ပြောကြားလိုပါကြောင်း၊ ထို့ပြင် ဩဂုတ် ၈ ရက်နေ့၌ ကျရောက်မည့် “ASEAN Day” ကိုလည်း ဂုဏ်ပြုရာလည်း ရောက်သည့်အတွက် ထပ်ဆင့် မင်္ဂလာရှိမှုများလည်းဖြစ်စေပါကြောင်း၊ အာဆီယံ၏ မဏ္ဍိုင် ၃ ခုဖြစ်သည့် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အသိုက်အဝန်း မဏ္ဍိုင်၊ စီးပွားရေးဆိုင်ရာ အသိုက်အဝန်းမဏ္ဍိုင်နှင့် လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်တို့သည် အာဆီယံဒေသတွင်း၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြွယ်ဝပြည့်စုံရေးတို့ကို ပူးပေါင်းဆောင်ရွက်နိုင်ရန် နီးကပ်စွာ ဆက်နွယ်လျက်ရှိပြီး အသိုက်အဝန်းမဏ္ဍိုင်အချင်းချင်း အပြန်အလှန် အထောက်အကူပြုလျက်ရှိကြပါကြောင်း၊ အသိုက်အဝန်းမဏ္ဍိုင် ၃ ခုကို ပေါင်းစပ်၍ အာဆီယံအသိုက် အဝန်းတစ်ရပ်ကို စတင်ဖော်ဆောင်နိုင်ရေးအတွက် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၇ ရက်၌ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ တွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံခေါင်းဆောင်များက ASEAN Concord II (Bali Concord II) ကြေညာစာတမ်းကို သဘောတူချမှတ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် နောက်ဆုံးထား၍ အာဆီယံအသိုက်အဝန်း တစ်ရပ်ကို ဖော်ဆောင်ရန် ရည်မှန်းခဲ့ကြပါကြောင်း။

**လက်မှတ်ရေးထိုးနိုင်ခဲ့**

ထို့ပြင် ၂၀၁၅ ခုနှစ်၌ အာဆီယံအသိုက်အဝန်း ထူထောင်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်မှန်း၍ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၃ ရက်၌ ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ စီဘူးကြေညာစာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ဆက်လက်၍ စင်ကာပူ နိုင်ငံ၌ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပခဲ့သည့် (၁၃) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးက အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင် အခြေပြမြေပုံကိုရေးဆွဲရန် သဘောတူညီမှုရရှိပြီး ၂၀၀၈ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံ ထိပ်သီးအစည်း အဝေးမှစတင်၍ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်၏ လုပ်ငန်းများ စတင်အသက်ဝင်လာခဲ့ရာ အာဆီယံ ဒေသတွင်းနိုင်ငံများအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံး က သက်ဆိုင်ရာ အသိုက်အဝန်းမဏ္ဍိုင်များအလိုက် ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းများပါဝင်သော အခြေပြမြေပုံကို ၂၀၀၉ ခုနှစ်၌ စတင်ရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ပထမအခြေပြ မြေပုံကို ၂၀၀၉-၂၀၁၅ ကာလဟု ရေးဆွဲခဲ့ကြပြီး ဒုတိယ အခြေပြမြေပုံကို ၂၀၁၆-၂၀၂၅ ကာလဟု ရေးဆွဲခဲ့ကြပါ ကြောင်း၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်၏ အခြေပြမြေပုံပါ လုပ်ငန်းစဉ်များသည် ၂၀၂၅ ခုနှစ်၌ ပြီးဆုံးမည်ဖြစ်ပါကြောင်း။




အဆိုပါ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အခြေပြမြေပုံ ပါ လုပ်ငန်းစဉ်များအရ တွေ့ကြုံရမည့် ပြဿနာများ၊ ရရှိ လာမည့် အကျိုးအမြတ်များကို ပုံမှန်အစီရင်ခံနိုင်စေရန် အတွက် အဖွဲ့ဝင်နိုင်ငံအသီးသီးက ယခုကဲ့သို့ အမျိုးသား အဆင့် အကဲဖြတ်သုံးသပ်နိုင်မည့် လုပ်ငန်းစဉ်များ ချမှတ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ယခုထွက်ပေါ်လာသည့် အကဲဖြတ်မှုများကို လေ့လာသုံးသပ်ပြီး ၂၀၂၅ ခုနှစ်အပြီး တွင် ထပ်မံ၍ အခြေပြမြေပုံလုပ်ငန်းစဉ်များကို အသစ်ထပ်မံ ရေးဆွဲရမည် ဖြစ်ပါကြောင်း၊ အာဆီယံခေါင်းဆောင်ကြီး များက အမြော်အမြင်ကြီးစွာဖြင့် အာဆီယံဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေပြမြေပုံပါ လုပ်ငန်းများကို အတည်ပြုသဘောတူချမှတ်ခဲ့ခြင်း၏ အကျိုးရလဒ်ပင် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အာဆီယံခေါင်းဆောင်ကြီးများ အစပျိုးခဲ့သည့် လုပ်ငန်းများကို အာဆီယံအဖွဲ့ဝင်နိုင်ငံ အားလုံးက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင် ရန် တာဝန်ဝတ္တရားများရှိကြပါကြောင်း၊ ဒုတိယအခြေပြ မြေပုံ၏ နှစ်လယ်အကဲဖြတ်မှုအစီရင်ခံစာကို အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ သတ်မှတ်ကာလအတွင်း အချိန်မီ ပေးပို့တင်ပြနိုင်ရေးအတွက် အားလုံးက တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊ Mid-term Review နှင့်ပတ်သက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ပြင်ပပညာရှင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကို Online Meeting စနစ်ဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ကြပါ ကြောင်း၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ၌ ကျင်းပမည့် ၃၇ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံ ခေါင်းဆောင်ကြီးများ အတည်ပြုပေးနိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူး ချုပ်ရုံးသို့ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၁ ရက်တွင် အချိန်မီ ပေးပို့နိုင်ရေး ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်ပေးစေ လိုပါကြောင်း ပြောကြားသည်။

**ဆွေးနွေးကြမည်**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံ လူမှုရေး- ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ၏ ဆက်စပ်ဝန်ကြီးဌာန များဖြစ်ကြသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ရှိ လုပ်ငန်းအစု အဖွဲ့ (Sectoral Body ) ၁၅ ဖွဲ့မှ ကိုယ်စားလှယ်များက ဩဂုတ် ၆ ရက်အထိ ဆက်လက်ဆွေးနွေးသွားကြမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ဒုတိယအဆင့် ကျေးရွာများအတွက် ကွန်ကရစ်တိုင်ဝယ်ယူရေးနှင့် တည်ဆောက်ရေးလုပ်ငန်းအပ်နှံရန် တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီများနှင့် စာချုပ်လဲလှယ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော်  ဩဂုတ်  ၅**

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ဒုတိယအဆင့် ကျေးရွာ များအတွက် ကွန်ကရစ်တိုင်ဝယ်ယူရေးနှင့် တည်ဆောက် ရေးလုပ်ငန်းအပ်နှံရန် တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီများ နှင့် စာချုပ်လဲလှယ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းစနစ်များနှင့် အညီ ကျင်းပသည်။

**ကျေးရွာ ၅၀၈၀**

အခမ်းအနားတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မိမိတို့ဝန်ကြီးဌာနအနေ ဖြင့် “၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအတွင်း နေရာဒေသ များအားလုံး လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိစေရန်” ရည်ရွယ်၍ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Project) ကို ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန် ဒေါ်လာ သန်း ၃၁၀ ရယူ၍ ပထမအဆင့်အနေ ဖြင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)၊ စစ်ကိုင်း၊ ပဲခူး (အရှေ့ပိုင်း၊ အနောက်ပိုင်း)၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးများ အတွင်းရှိ ဓာတ်အားစနစ်မှ ၂ မိုင်အတွင်း ကျေးရွာ ၅၀၈၀ တို့အား NEP-I စီမံကိန်းအဖြစ် ဆောင်ရွက်ခဲ့ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)၊ စစ်ကိုင်း၊ ပဲခူး(အရှေ့ပိုင်း၊ အနောက်ပိုင်း)၊ မကွေး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့အတွင်းရှိ ဓာတ်အားစနစ်မှ ၃ မိုင်အတွင်း ကျေးရွာ ၄၇၀၀ ကို လျှပ်စစ်ဓာတ်အားရရှိစေရန် စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ ဆက်လက်၍ NEP-II စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ချေးငွေရယူနိုင် ရေးကိစ္စရပ်များကိုလည်း ကမ္ဘာ့ဘဏ်နှင့် ညှိနှိုင်းဆောင်ရွက် လျက်ရှိပါကြောင်း။




ထို့ပြင် ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိမှု အဆင့်မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်လည်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ထံမှ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၇ သန်း ချေးယူရေးနှင့်စပ်လျဉ်း၍ ဇူလိုင် ၂၇ ရက်တွင် ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှ အတည်ပြုပေးခဲ့ပြီးဖြစ်၍ ကရင်ပြည် နယ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ မကွေးတိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၃၃ ကေဗွီ ဓာတ်အား လိုင်း ၆၀ ဒသမ ၅ မိုင်၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅၆၄ ဒသမ ၅ မိုင်၊ ၃၃ ကေဗွီဓာတ်အားခွဲရုံ ရှစ်ရုံ၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ၃၆ ရုံတို့တွင် စုစုပေါင်း ၃၈၅ အမ်ဗွီအေ တည်ဆောက်သွားမည်ဖြစ်ကြောင်း။

**ပြည့်ဝစွာ ဆောင်ရွက်နိုင်တော့မည်**

ယင်းစီမံကိန်းကြောင့် ကျေးရွာ ၂၈၁၅ ရွာနှင့် အိမ်ထောင်စု ၄၀၀၃၀၀ တို့တွင် အကျိုးခံစားကြရမည် ဖြစ်ပါကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသော အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းနှင့် ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိမှု အဆင့်မြှင့်တင်ရေးစီမံကိန်းတို့ ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာ နှစ်တွင် တစ်နိုင်ငံလုံး၏ ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာ နှစ်တွင် ၇၅ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ၁၀၀ ရာခိုင်နှုန်းပြည့် မီးလင်းရေးရည်မှန်းချက်များကို ပြည့်ဝစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါကြောင်း။

NEP-I ပထမအဆင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်အထိ စုစုပေါင်း ၃၀၃၉ ရွာတွင် တည်ဆောက်ရေးလုပ်ငန်းများပြီးစီး၍ ကျေးရွာ ၂၅၈၃ ရွာတွင် မီးလင်းပြီးဖြစ်ပါကြောင်း၊ NEP-I ဒုတိယအဆင့် ပစ္စည်းဝယ်ယူရေး တင်ဒါများအားလုံး တင်ဒါ ခေါ်ဆိုပြီးဖြစ်ပြီး ယနေ့စာချုပ်လဲလှယ်သည့် ကွန်ကရစ်တိုင် ဝယ်ယူရေးတင်ဒါသည် NEP-I ဒုတိယအဆင့်အတွက် ပစ္စည်းဝယ်ယူရေး တင်ဒါများအနက် သတ္တမအကြိမ်မြောက် ဖြစ်ကာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် ဝယ်ယူမည့်စာချုပ် ဖြစ်ပါကြောင်း၊ NEP-I ဒုတိယအဆင့်အတွက် ဝယ်ယူထား သော ပစ္စည်းများအနက် ထရန်စဖော်မာ ၁၈ ရာခိုင်နှုန်းနှင့် ကွန်ကရစ်တိုင် ၆၂ ရာခိုင်နှုန်း ရောက်ရှိပြီးဖြစ်ပါကြောင်း။

NEP-I ဒုတိယအဆင့် တည်ဆောက်ရေးတင်ဒါများ အားလုံးသည်လည်း တင်ဒါခေါ်ဆိုပြီးဖြစ်ပြီး ယနေ့စာချုပ် လဲလှယ်သည့် တည်ဆောက်ရေးတင်ဒါသည် NEP-I ဒုတိယ အဆင့်အတွက် တည်ဆောက်ရေးတင်ဒါတွင် ပထမဆုံး ဖြစ်ပြီး မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်းရှိ ကျေးရွာများ ဓာတ်အားရရှိရေးအတွက် လုပ်ငန်းအပ်နှံမည့် စာချုပ်များဖြစ်ပါကြောင်း။

**တိုးတက်လာမည်**

NEP-I ပထမအဆင့် ၂ မိုင်အတွင်း ကျေးရွာများနှင့် ဒုတိယအဆင့် ၃ မိုင်အတွင်း ကျေးရွာများ ဆောင်ရွက်ပြီးစီး ပါက ကျေးရွာပေါင်း ၉၇၈၀ ရှိ အိမ်ထောင်စုပေါင်း ၁၁၆၄၃၁ စုခန့် လျှပ်စစ်ဓာတ်အား ရရှိလာမည်ဖြစ်ပြီး အဆိုပါချေးငွေကြောင့် စုစုပေါင်း Electrification Rate ၁၀ ဒသမ ၇၂ ရာခိုင်နှုန်းခန့် တိုးတက်လာမည်ဖြစ်ပါကြောင်း။

ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် နိုင်ငံတော်အဆင့် လုပ်ငန်းဖြစ်၍ စာချုပ်ပါစည်းမျဉ်းစည်းကမ်းများအတိုင်း တိတိကျကျ ဆောင်ရွက်ပြီးစီးနိုင်ရေးနှင့် အရည်အသွေး ကောင်းမွန်စေရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ် ကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတိုးသွင်က NEP စီမံကိန်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတိုးသွင်နှင့် ကွန်ကရစ်တိုင်များဝယ်ယူရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါအောင်မြင်ခဲ့ သော ကုမ္ပဏီများမှ တာဝန်ရှိသူများသည် စာချုပ်များအား အပြန်အလှန် လဲလှယ်ခဲ့ကြသည်။ **သတင်းစဉ်**

★ စာမျက်နှာ ၈ မှ

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ယနေ့ မျက်မှောက်ခေတ်ကာလသည် အလိုအလျောက်စနစ်များ အသုံးပြု၍ အချက်အလက်(Data) ဖလှယ်နိုင်သည့် ကုန်ထုတ်လုပ်ခြင်းစနစ်ကို ကျင့်သုံးသည့် စတုတ္ထစက်မှုတော်လှန်ရေး (Fourth Industrial Revolution ခေါ် Industry 4.0) ခေတ်ကာလ ဖြစ်ပါသဖြင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် ၎င်းနှင့် သက်ဆိုင်သည့် ကော်မတီများဖွဲ့စည်းကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် ကော်မတီကိုလည်း ပြင်ဆင်ဖွဲ့စည်းနိုင်ရေး၊ သက်ဆိုင်ရာကဏ္ဍအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက National Research Policy ပေါ်ပေါက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် ဖွဲ့စည်းဆောင်ရွက်မည့် ကော်မတီများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်အခြေအနေများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းတို့က သိပ္ပံ၊ နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်လိုအပ်သည့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက အကြံပြုဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးတွင် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ယွမ် သန်း ၂၀၀ အနက် ယွမ် လေးသန်း ကနဦးလှူဒါန်း

**နေပြည်တော် ဩဂုတ် ၅**

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းမည့် ယွမ်သန်း ၂၀၀ အနက် ကနဦး လှူဒါန်းမှုအဖြစ် ယွမ်လေးသန်း လက်ခံခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် သံရုံးမှ သံအရာရှိများ တက်ရောက်ခဲ့ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းများဆောင်ရွက်ရန် အိမ်နီးချင်းကောင်းပီသစွာ အကူအညီပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးအတွက် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူ(IDPs)များ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဝန်ကြီးဌာနအနေဖြင့် ဒုတိယဝန်ကြီးက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ၍ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကချင်ပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက်ချက်အရ ဖြစ်နိုင်ခြေနှင့် လုံခြုံမှုရှိသည့် ကျေးရွာငါးရွာကိုရွေးချယ်ပြီး ရွှေ့ပြောင်းလုပ်ငန်းစီမံချက် ရေးဆွဲခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းမည့် ယွမ်သန်း ၂၀၀ အနက် ယနေ့လှူဒါန်းသည့် ယွမ်လေးသန်းကို ကနဦးရွေးချယ်ထားသည့် ကျေးရွာငါးရွာမှ မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာ၊ ဝိုင်းမော်မြို့နယ် ဒဘတ်ယန်ကျေးရွာနှင့် နန်ဆန်ယန်ကျေးရွာတို့တွင် နေအိမ်များ အသစ်ဆောက်လုပ်ခြင်းနှင့် ပြုပြင်ခြင်းများကို ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ဆောင်ရွက်အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ တရုတ် - မြန်မာ စီးပွားရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အရ ခွင့်ပြုငွေ ယွမ်တစ်သန်း ကျခံသုံးစွဲမည့်ဖြစ်နိုင်ခြေဆန်းစစ်လေ့လာခြင်းကိုလည်း တာဝန်ပေးအပ်ထားသည့် Power China Kunming Engineering Cooperation အဖွဲ့မှ ပညာရှင်များက ကွင်းဆင်းဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံ စတုတ္ထအကြိမ် အစည်းအဝေးမတိုင်ခင် ကနဦးဆောင်ရွက်ချက်များအဖြစ် စတင်ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

**ဆက်လက်ကူညီမည်**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ခင်မင်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုအတွက် ထောက်ခံအားပေးခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အစောပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင် ခရီးစဉ်တွင် မြန်မာနိုင်ငံမြောက်ပိုင်းဒေသရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးအတွက် သဘောတူစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများအတွက် ယွမ်သန်း ၂၀၀ ကူညီရန် သဘောတူခဲ့ပါကြောင်း၊ ယခုလို ဆောင်ရွက်ရခြင်းမှာ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို တိုးတက်မှုရရှိရန် ထောက်ခံပေးခြင်းဖြစ်ပါကြောင်း၊ ယခုစီမံကိန်းသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသရှိ နေရပ်စွန့်ခွာရသူများအတွက် စားဝတ်နေရေး အဆင့်အတန်းကို မြှင့်တင်စေနိုင်မည်ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသနှင့် ရခိုင်ပြည်နယ်တို့၏ တည်ငြိမ်အေးချမ်းမှု ကိစ္စရပ်များကိုလည်း ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူ (IDPs) များ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးအတွက် တရုတ်နိုင်ငံက ကနဦးအဖြစ် ယွမ် လေးသန်းကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံသို့ ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သတ္တမအကြိမ် အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

သတ္တမအကြိမ် အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**



အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပြုံးချို(ခ) ဦးငွေဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးတို့ တက်ရောက်ကြပြီး NCA-S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း(RCSS/SSA)၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း(ABSDF)၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ပဒိုစောတာဒိုမူး(KNU)၊ ဦးလှငွေး(ABSDF)၊ စောမြရာဇာလင်း(ALP)၊ ဒေါက်တာလျန်မှုန်းဆာခေါင်း(CNF)၊ ဆလိုင်းထလာပေါး(CNF)၊ စောစိန်ဝင်း(DKBA)၊ ပဒိုစောအယ်ကလူစေး(KNU)၊ စောကျော်ညွန့်(KNLA-PC)၊ ကြာဆော်လမွန်(LDU)၊ နိုင်အောင်မငေး(NMSP)၊ ခွန်မြင့်ထွန်း(PNU)နှင့် ဒေါက်တာစိုင်းဦး (RCSS/SSA) တို့ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးတွင် (၈) ကြိမ်မြောက် JICM အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် နှစ်ဖက်အဆိုပြုချက်များ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက်ရှေ့လုပ်ငန်းစဉ်များ၊ အဆင့်လိုက် အကောင်အထည်ဖော်မှုများ နှင့် အခြေခံ မူသဘောတူညီချက်များ ဆက်လက်ဆွေးနွေးကြသည်။

**အားလုံးကြိုးပမ်းမှုဖြစ်**

ယင်းနောက် NCA-S EAO ၏ NCA အကောင်အထည် ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက နှစ်ရက်တာကျင်းပခဲ့သည့် အစည်းအဝေးတွင် ပြီးခဲ့သည့် နှစ်ဖက်ညှိနှိုင်း အစည်းအဝေးမှ ချန်ထားခဲ့သည့် အချက်များကို ဆက်လက်ညှိနှိုင်းပြီး သဘောတူညီချက်များ ထပ်မံရရှိခဲ့ခြင်းသည် အားလုံး၏ ကြိုးပမ်းအားထုတ်မှုပင် ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၃)၏ အပိုင်း(၁) ဖြစ်သည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် (၁၄) ချက်အား သဘောတူညီခဲ့ကြပါကြောင်း၊ အပိုင်း(၂)ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများပါ အချက်များအားလုံးကို အပြန်အလှန် ဆွေးနွေးနိုင်ခဲ့ပါကြောင်း။

အပိုင်း (၃) တွင် ပါရှိသည့် ဖက်ဒရယ်အခြေခံမူတချို့ကို သဘောတူညီနိုင်ခဲ့ပါကြောင်း၊ သဘောမတူနိုင်သေးသည့် အချက်များကို ဆက်လက်ဆွေးနွေးရန် သယ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသည် အားလုံးအတွက် သတင်းကောင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထ အစည်းအဝေး ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ NCA လက်မှတ်မရေးထိုးသေးသည့် ညီနောင် EAO များကို ညီလာခံတက်ရောက်ရန် ဖိတ်ကြားရေး၊ ညီလာခံနှင့်ဆက်စပ် အစည်းအဝေးများ ကျင်းပရေးနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါကြောင်း။

**တာဝန်ပေးနိုင်ခဲ့**

ထို့အတူ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ပုံစံ(Format)ကို ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်သွားရန် ရေးဆွဲရေးအလုပ်အဖွဲ့ကို တာဝန်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးမှ ရရှိလာသည့် သဘောတူညီချက်များကို နှစ်ဖက်အလုပ်အဖွဲ့များက သက်ဆိုင်ရာ ခေါင်းဆောင်များထံ တင်ပြပြီး အတည်ပြုချက်ရယူရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဩဂုတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပမည့် JICM အစည်းအဝေးပြင်ဆင်ရေး အစည်းအဝေးတွင် ရလဒ်ကောင်းရရှိရန် ဆက်လက်ဝိုင်းဝန်းကြိုးပမ်းပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့၏ ယခုသတ္တမအကြိမ် နှစ်ရက်တာအစည်းအဝေးတွင် နှစ်ဖက်၏ သဘောထားများကို ပွင့်ပွင့်လင်းလင်းနှင့် ဆွေးနွေးတင်ပြနိုင်ခဲ့ကြပါကြောင်း၊ တချို့အချက်များ အတည်မပြုနိုင်သေးသော်လည်း JICM အစည်းအဝေးမတိုင်မီနှင့် JICM အစည်းအဝေးများတွင် အတည်ပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုနှစ်ရက်တာ အစည်းအဝေး၌ သဘောတူညီချက် တစ်ချက် ထပ်မံရရှိခဲ့ပါကြောင်း၊ အလားတူ ဇယား (၂) ကိစ္စ၌ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက်လုပ်ငန်းစဉ်ကိစ္စနှင့် တချို့ကိစ္စများသည် သဘောတူညီနိုင်ရန် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ ယင်းကိုလည်း EAO များအနေဖြင့် PPST အစည်းအဝေးတွင်တင်ပြပြီး ဆက်လက်ကြိုးပမ်းပေးပြီး ရလဒ်ကောင်းများ ရရှိအောင်ဆောင်ရွက်ပေးမည်ဟု ပြောကြားသည့်အတွက် များစွာဝမ်းသာမိပါကြောင်း၊ မိမိတို့အလုပ်အဖွဲ့များအနေဖြင့် အလုပ်အဖွဲ့ အစည်းအဝေးများတွင် စိတ်ရှည်နားလည်မှုများနှင့် ရလဒ်ကောင်းများရရှိရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့ကြပါကြောင်း၊ ယင်းသို့ ကြိုးစားပေးခဲ့ကြသည့်အတွက် နှစ်ဖက်အဖွဲ့ဝင်များ အားလုံး ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

**သတင်း- မျိုးမြင့်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ- ထိုက်ကြီး**

# ဘရာဇီးအစိုးရအဖွဲ့ ဝန်ကြီးများ၏ သုံးပုံတစ်ပုံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရ

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၅**
ဘရာဇီးနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးများ၏ သုံးပုံတစ်ပုံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း သိရသည်။ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပညာရေးဝန်ကြီး၊ စွမ်းအင်ဝန်ကြီးနှင့် သိပ္ပံဝန်ကြီးတို့အပါအဝင် ဘရာဇီးနိုင်ငံ၏ အစိုးရအဖွဲ့ဝန်ကြီးရှစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း သိရသည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၏ သမ္မတ ဘိုလ်ဆိုနာရို၏ ဇနီးဖြစ်သူလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း သိရသည်။ ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုကမူ ၎င်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း ဇူလိုင်လအစောပိုင်းက အတည်ပြုပြောကြားခဲ့သည်။ သို့ရာတွင် ဘိုလ်ဆိုနာရိုသည် ပြီးခဲ့သည့်လနောက်ပိုင်းတွင် ဗိုင်းရပ်စ်ကူးစက်မှုကနေ ပြန်လည်သက်သာလာသည့်အတွက် ဘရာဇီးနိုင်ငံတစ်ဝန်းသို့ သွားရောက်ကာ ကိုရိုနာဗိုင်းရပ်စ်ကို မကြောက်ရန် ပြည်သူများအား တိုက်တွန်းခဲ့ကြောင်း သိရသည်။

ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုသည် စီးပွားရေးလုပ်ငန်းများပြန်လည်စတင်ရန် ရည်ရွယ်လျက်ရှိပြီး ဘရာဇီးနိုင်ငံ၏ ပြည်သူ ၁၀ သန်းသည်လည်း မတ်လကတည်းက ၎င်းတို့၏ အလုပ်အကိုင်များဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှင့် သေဆုံးမှု၌ ကမ္ဘာပေါ်တွင် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး တစ်ရက်အတွင်း ကူးစက်မှုအများဆုံး ၅၀၀၀၀ အထိရှိခဲ့ကာ ဩဂုတ် ၄ ရက်အထိ ကူးစက်ခံရသူပေါင်း ၂ ဒသမ ၈ သန်းရှိကြောင်းနှင့် သေဆုံးသူအရေ အတွက် ၉၅၀၀၀ ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**


ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုနှင့် ပညာရေးဝန်ကြီး အေဘရာဟမ်ဝင်းထရပ်။

# တောင်အာဖရိက ကျန်းမာရေးလုပ်သား ၂၄၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဂျိုဟန်နက်စဘတ် ဩဂုတ် ၅**
တောင်အာဖရိကနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ စတင်ဖြစ်ပွားချိန် မတ်လနောက်ပိုင်း ကျန်းမာရေးလုပ်သား ၂၄၀၀၀ ကျော် ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရပြီး ၁၈၁ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးက ယနေ့ ကြေညာခဲ့သည်။

တောင်အာဖရိကနိုင်ငံမှာ အာဖရိကတိုက်တွင် ကိုရိုနာဗိုင်းရပ်စ် ဘေးအသင့်ဆုံးနိုင်ငံဖြစ်ပြီး လက်ရှိအချိန်ထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၂၁၃၁၈ ဦးရှိပြီး အာဖရိကတိုက်ရှိဗိုင်းရပ်စ်ကူးစက်မှုများ၏ ထက်ဝက်ကျော်ရှိကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသော ကျန်းမာရေးဝန်ထမ်း ၂၄၁၀၄ ဦးနှင့် သေဆုံးသူ ၁၈၁ ဦးရှိကြောင်း တောင်အာဖရိက ကျန်းမာရေးဝန်ကြီး ဇွဲလီအမ်ကွီဇီက သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသော ကျန်းမာရေးဝန်ထမ်း အရေအတွက်မှာ နိုင်ငံ၏ ဗိုင်းရပ်စ်ကူးစက်ခံရသူများ၏ ငါးရာခိုင်နှုန်းဝန်းကျင်ရှိကြောင်း ၎င်းက ဆိုသည်။ မကြာသေးမီ သီတင်းပတ်များအတွင်း တောင်အာဖရိကနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် ကမ္ဘာ့ဗိုင်းရပ်စ်ကူးစက်မှု အမြင့်ဆုံးနိုင်ငံများစာရင်းတွင် ပဉ္စမနေရာ၌ ရပ်တည်လျက်ရှိသည်။

**ကိုးကား-အေအေက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဖိလစ်ပိုင်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၄၆၂ ဦး တွေ့ရှိ

**မနီလာ ဩဂုတ် ၅**
ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၄၆၂ ဦး ယနေ့တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၅၉၈၀ ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောကြားသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၂ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများနှင့် ဆေးခန်းများမှ ယနေ့ ဆင်းခွင့်ရခဲ့ကြရာ ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၆၆၂၇၀ ရှိလာကြောင်း သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ကိုးဦး ယနေ့သေဆုံးခဲ့ရာ ဖိလစ်ပိုင်၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၁၂၃ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မနီလာ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၃၄ ဦး ယနေ့တွေ့ရှိခဲ့ရာ ဖိလစ်ပိုင်နိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ အများဆုံးကူးစက်ပျံ့နှံ့သွားသည့် ပြည်နယ်နှင့် ဒေသငါးခုအနက် ရောဂါကူးစက်မှုအများဆုံးမြို့ ဖြစ်လာခဲ့သည်။

ထို့အတူ လာဂူရာပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၅ ဦး၊ ရီဇာလ်ပြည်နယ်၌ ၁၀၁ ဦး၊ ကာဗိုက်ပြည်နယ်၌ ၇၃ ဦးနှင့် ဆီးဘူးပြည်နယ်၌ ၆၂ ဦး စသည်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အသီးသီးတွေ့ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

**ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၁၈၇၄၈၉၁၈ ဦး**

**သေဆုံးသူ ၇၀၅၂၇၈ ဦး**

**ပြန်လည်ကျန်းမာလာသူ ၁၁၉၅၉၃၆၇ ဦး**

# အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်ဝန်ကြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**လပ်ခနောင်း ဩဂုတ် ၅**
အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီး ဘရာဂျက်စ်ပါသက်ခ်က ၎င်းတွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ပြီး မကြာသေးမီက ၎င်းနှင့်ထိတွေ့မှုရှိခဲ့သူများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုပြုလုပ်ကြရန် ပြောကြားလိုက်သည်။

"ကိုရိုနာဗိုင်းရပ်စ် ရောဂါလက္ခဏာတွေရှိလာလို့ ဆရာဝန်တွေရဲ့ အကြံပြုချက်အရ စမ်းသပ်မှုခံယူရာမှာ ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ပါတယ်။ မကြာသေးမီရက်များအတွင်းက ကျွန်တော်နဲ့ ထိတွေ့ခဲ့သူတွေအနေနဲ့ အစိုးရရဲ့ ညွှန်ကြားချက်တွေကို လိုက်နာဖို့၊ သီးခြားခွဲနေဖို့နဲ့ ဗိုင်းရပ်စ်ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်ဖို့ တိုက်တွန်းပါတယ်" ဟု ဝန်ကြီး ပါသက်ခ်က တွစ်တာ၌ ပြောကြားခဲ့သည်။ ဩဂုတ် ၄ ရက်အထိ ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၀၀၀၀ ကျော် ရှိလာခဲ့ပြီး သေဆုံးသူ ၁၈၁၇ ဦး ရှိလာခဲ့သည်။ ဥတ္တရပရာဒေ့ရှ်ပြည်နယ်ဝန်ကြီး ကာမယ်လ်ရာနီဗာရွန်မှာ ဩဂုတ် ၂ ရက်က ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွယ်လွန်ခဲ့သည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ လက်ရှိပိုးရှိလူနာ ၄၁၂၂၂ ဦး၊ ပိုးကင်းစင်သွားသူ ၅၇၂၇၁ ဦးရှိကြောင်း အတွင်းဝန်ချုပ် (ကျန်းမာရေး) အေမက်မိုဟန်ပရာဆတ်က ပြောကြားခဲ့သည်။ ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၀၃၁၀ ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား-ပီတီအိုင်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဘောလုံးပြိုင်ပွဲများတွင် ရည်ရွယ်ချက်ရှိရှိ ချောင်းဆိုးပါက အနီကတ်ပြ ထုတ်ပယ်နိုင်




**လန်ဒန် ဩဂုတ် ၅**
ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနေစဉ်တွင် ဘောလုံးပြိုင်ပွဲများ၌ ပြိုင်ဘက်ကစားသမား သို့မဟုတ် ပြိုင်ပွဲတာဝန်ရှိသူတွေဆီကို ဦးတည်ပြီး ရည်ရွယ်ချက်ရှိရှိ ချောင်းဆိုးပါက အနီကတ်ပြထုတ်ပယ်နိုင်တဲ့အထိ အပြစ်ပေးခွင့် ရှိလာတော့မှာဖြစ်တယ်လို့ အားကစားဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်သူတွေနဲ့ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်တို့က ပြောကြားခဲ့ပါတယ်။

ချောင်းဆိုးတဲ့ကစားသမားဟာ ရည်ရွယ်ချက်ရှိရှိ ချောင်းဆိုးတဲ့အမူအရာပြခဲ့ကြောင်း ရှိ၊ မရှိကို ကွင်းလယ်ဒိုင်က ဆုံးဖြတ်ခွင့်ရှိကြောင်းလည်း နိုင်ငံတကာ ဘောလုံးအဖွဲ့ချုပ် ဘုတ်အဖွဲ့က ပြောကြားခဲ့ပါတယ်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အနေနဲ့ အင်္ဂလန်နိုင်ငံရဲ့ အောက်ခြေအဆင့်ဘောလုံးပြိုင်ပွဲတွေအတွက် လမ်းညွှန်ချက်တွေ ထုတ်ပြန်ထားပြီး ချက်ချင်းအကောင်အထည်ဖော်ဖို့လည်းရှိနေတာဖြစ်ပါတယ်။ ချောင်းဆိုးခြင်းကြောင့် ထုတ်ပယ်နိုင်လောက်တဲ့အဆင့်အထိ မရောက်ရှိခဲ့ပါက အားကစားနဲ့ မသင့်လျော်တဲ့ အပြုအမူအဖြစ်သာ သတ်မှတ်ဖို့လည်း ရှိနေတာဖြစ်ပါတယ်။

ရည်ရွယ်ချက်ရှိရှိ ချောင်းဆိုးခြင်းနဲ့ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်အောင်ပြုလုပ်ခြင်း၊ မထီမဲ့မြင်ပြုလုပ်ခြင်း သို့မဟုတ် ရိုင်းစိုင်းသောစကားဖြင့် ပြောဆိုခြင်းနဲ့ ရိုင်းစိုင်းသောအပြုအမူတို့ကို လုပ်ဆောင်ခြင်း စသဖြင့် နိုင်ငံတကာဘောလုံးအဖွဲ့ချုပ် ဘုတ်အဖွဲ့က အတန်းအစားခွဲခြားထားတယ်လို့ သိရပါတယ်။

ကစားသမားတစ်ဦးဟာ ပြိုင်ဘက်နားကပ်ပြီး ရည်ရွယ်ချက်ရှိရှိ ချောင်းဆိုးလိုက်တယ်ဆိုရင် ရန်လိုစော်ကားတဲ့ သဘောမျိုးလို့ ဒိုင်ကဆုံးဖြတ်ပြီး အနီကတ်ပြသထုတ်ပယ်နိုင်တယ်လို့ သိရပါတယ်။ ဒါပေမဲ့ ချောင်းဆိုးတဲ့ ကစားသမားက ရန်လိုတဲ့ သဘောထားမရှိသလို တခြားကစားသမားတွေနဲ့ ခပ်ဝေးဝေးမှာ ရှိနေရင်တော့ ပြစ်မှုအဖြစ် သတ်မှတ်မှာမဟုတ်ဘူးလို့သိရပါတယ်။ ဒီစည်းမျဉ်းဟာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားနေတဲ့ကာလနဲ့ လိုက်လျောညီထွေရှိအောင် ကျင့်သုံးလာခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

**ငွေကြယ်**

# လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ဆိပ်ကမ်း၌ ပေါက်ကွဲမှုဖြစ်ပွားရာ ၁၀၀ ထက်မနည်းသေဆုံးပြီး ၄၀၀၀ ကျော် ဒဏ်ရာရရှိ

ဘေရွတ် ဩဂုတ် ၅

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ ဆိပ်ကမ်းတွင် ဩဂုတ် ၄ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ပေါက်ကွဲမှုအတွင်း ၁၀၀ ထက်မနည်းသေဆုံးပြီး ၄၀၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဩဂုတ် ၄ ရက် ဒေသစံတော်ချိန် ညနေ ၆နာရီ ၁၀ မိနစ်ခန့်တွင် ဘေရွတ်မြို့ဆိပ်ကမ်း၌ ပြင်းထန်သည့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဆိပ်ကမ်းအနီးတည်ရှိသော အဆောက်အအုံများလည်း ပျက်စီးမှုရှိခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ဘေရွတ်မြို့ရှိ နေအိမ်နှင့်လမ်းများ ဆိုးရွားစွာ ပျက်စီးခဲ့ကြောင်း သိရသည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူပေါင်း ၁၀၀ ကျော် ပျောက်ဆုံးနေကြောင်း လက်ဘနွန်ကြက်ခြေနီအဖွဲ့အကြီးအကဲ ဂျော့ကတ်တာနီက ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားရာနေရာသို့ အရေးပေါ်ယာဉ် အမြောက်အမြားသွားရောက် ကူညီကယ်ဆယ်မှုများ ပြုလုပ်ပေးခဲ့ပြီး မီးသတ်ကားအမြောက်အမြားလည်း မီးငြိမ်းသတ်ပေးခဲ့ကြောင်းနှင့် လက်ဘနွန် စစ်တပ်မှလည်း ရဟတ်ယာဉ်များ စေလွှတ်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘေရွတ်ဆေးရုံတွင် လူနာလက်ခံကုသနိုင်မှု အကန့်အသတ်ရှိသောကြောင့် ဒဏ်ရာရသူများကို အနီးတစ်ဝိုက်ဆေးရုံများသို့ မျှဝေပို့ဆောင်ပေးခဲ့ပြီး ဆေးဝန်ထမ်းများအားလုံး ကယ်ဆယ်ကုသရေးတွင် ပါဝင်ခဲ့ကြကြောင်း သိရသည်။

လက်ဘနွန် မီဒီယာများ၏သတင်းအရ ဆိပ်ကမ်းရှိ သိုလှောင်ရုံတစ်ခု မီးလောင်ရာမှ အကြီးစားပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မျက်မြင်သက်သေတစ်ဦးက ပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှု နှစ်ခုသည် စက္ကန့်ပိုင်းသာခြားကြောင်း ပြောကြားခဲ့သည်။

ဘေရွတ်ဆိပ်ကမ်းဂိုဒေါင်တွင် ၂၀၁၄ ခုနှစ်ကတည်းက သိုလှောင်ထားသော ပေါက်ကွဲစေသော ပစ္စည်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် တန်ချိန် ၂၇၅၀ တန်ရှိသော အမိုနီယမ်နိုက်ထရိတ်များ ပေါက်ကွဲခြင်း ဖြစ်သည်ဟု လက်ဘနွန် ပြည်ထဲရေးဝန်ကြီး ဖာမီက ဆိုသည်။ လက်ဘနွန်အစိုးရအနေဖြင့် ဓာတုပစ္စည်းများ ပေါက်ကွဲရသည့် အကြောင်းရင်းနှင့် ယင်းဖြစ်ရပ်တွင် တာဝန်ရှိသူတို့နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မတီက ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖြစ်စဉ်နှင့်စပ်လျဉ်းပြီး ၄၈ နာရီအတွင်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်ဘနွန်နိုင်ငံ သမ္မတအောင်ယွန်က အခင်းဖြစ်ပွားသောနေ့တွင်ပင် အရေးပေါ်လုံခြုံရေး အစည်းအဝေးခေါ်ယူခဲ့ပြီး ပေါက်ကွဲမှုနောက်ပိုင်းကိစ္စရပ်များကို ဆောင်ရွက်ရန် စစ်တပ်ကို ညွှန်ကြားခဲ့ကြောင်းနှင့် ဒဏ်ရာရသူများကို သက်ဆိုင်ရာဌာနက အခမဲ့ကုသပေးရန်၊ နေအိမ်ပျက်စီး အိုးမဲ့အိမ်မဲ့ဖြစ်သော မိသားစုများအား ကူညီထောက်ပံ့မှုပေးရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။ ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် လူပေါင်း သုံးသိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ဘေရွတ်မြို့တော်ဝန် မာဝန်အဘော့က ပြောကြားခဲ့သည်။



သမ္မတ အောင်ယွန်က လက်ဘနွန်နိုင်ငံအား နိုင်ငံတကာ အသိုက်အဝန်းမှ အကူအညီပေးရန် တောင်းခံခဲ့ပြီး အရေးပေါ် ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၆၆ သန်းကို အစိုးရက ခွင့်ပြုပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘီဘီစီ

ဘာသာပြန်-အလင်းသစ်



# အိန္ဒိယနိုင်ငံ မဟာရတ်ရှ်ထရာပြည်နယ်၌ ရဲတပ်ဖွဲ့ဝင် ၁၀၀၀၀ ကျော် ကိုဗစ်-၁၉ ကူးစက်ခံရပြီး ၁၀၇ ဦး သေဆုံး

မွမ်ဘိုင်း ဩဂုတ် ၅

အိန္ဒိယနိုင်ငံ မဟာရတ်ရှ်ထရာပြည်နယ်တွင် လက်ရှိအချိန်ထိ ရဲတပ်ဖွဲ့ဝင် ၁၀၀၀၀ ကျော်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ပြီး ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၀၇ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားလိုက်သည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသော ရဲတပ်ဖွဲ့ဝင်များတွင် ရဲအရာရှိ ၁၀၃၅ ဦး ပါဝင်ကြောင်း ၎င်းက ပြောသည်။

"လက်ရှိအချိန်ထိ ရဲတပ်ဖွဲ့ဝင် ၁၀၀၂၆ ဦး ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရပြီး အရာရှိ ၁၀ ဦးအပါအဝင် ၁၀၇ ဦး သေဆုံးခဲ့ပါတယ်။ သေဆုံးတဲ့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ ၅၀ ရာခိုင်နှုန်းက မွမ်ဘိုင်းရဲတပ်ဖွဲ့က ဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။ လက်ရှိတွင် ရဲတပ်ဖွဲ့ဝင် ၁၈၅၉ ဦးတွင် ဗိုင်းရပ်စ်ပိုးရှိဆဲဖြစ်ပြီး တပ်ဖွဲ့ဝင် ၈၀၆၀ မှာ ပိုးကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ် ကန့်သတ်ချက်ကာလအတွင်းအမိန့်၊ ညွှန်ကြားချက်များ အကောင်အထည်ဖော် ဆောင်ရွက်နေစဉ် ရဲတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခဖြစ်ပွားမှု ၃၂၄ ကြိမ် ဖြစ်ပွားခဲ့ကြောင်း ၎င်းက ဆိုသည်။ ယင်းဖြစ်စဉ်များကြောင့် ရဲတပ်ဖွဲ့ဝင် ၈၆ ဦး ဒဏ်ရာရရှိခဲ့ပြီး ပြည်နယ်အတွင်း ကျန်းမာရေးဝန်ထမ်း ၆၅ ဦးလည်း တိုက်ခိုက်ခံခဲ့ရသည်။

ပဋိပက္ခဖြစ်စဉ်များနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က လူပေါင်း ၈၈၆ ဦးကို ဖမ်းဆီးခဲ့သည်။ ထို့အပြင် အမိန့်ချိုးဖောက်မှုပေါင်း ၂ ဒသမ ၂ သန်းကျော်နှင့် ချိုးဖောက်မှုကျူးလွန်သူ ၃၃၇၇၁ ဦးကို ဖမ်းဆီးခဲ့ကြောင်း ၎င်းက ဆိုသည်။

ကိုးကား-ပီတီအိုင်၊ ဘာသာပြန်-ကျော်ထိုက်စိုး

# ဂျပန်နိုင်ငံသားများ၏ ဖေ့စ်ဘွတ်အကောင့် ၇၆၀၀ ခန့် ခိုးယူခြင်းခံရ

တိုကျို ဩဂုတ် ၅

ဂျပန်နိုင်ငံသားများ၏ ဖေ့စ်ဘွတ်အကောင့် ၇၆၀၀ အတွင်းရှိ အချက်အလက်များ ခိုးယူခြင်းခံခဲ့ရကြောင်း ဂျပန်ဆိုက်ဘာလုံခြုံရေးကုမ္ပဏီတစ်ခုက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါဖေ့စ်ဘွတ်အကောင့်များကို ရုရှားနိုင်ငံအတွင်းရှိ ဆာဗာတစ်ခုက ခိုးယူခဲ့ခြင်းဖြစ်သည်ဟု အဆိုပါကုမ္ပဏီက ဆိုသည်။

ဂျပန်နိုင်ငံအတွင်းရှိ ဖေ့စ်ဘွတ်သုံးစွဲသူများသည် လူမှုသတင်းမီဒီယာ ဝက်ဘ်ဆိုက်တစ်ခုပေါ်ရှိ ရင်းနှီးကျွမ်းဝင်ခြင်းမရှိသည့် အကောင့်တစ်ခုမှ ဗီဒီယိုများကို ဖွင့်လှနှောင်းပိုင်းမှစပြီး ဒေါင်းလုတ်ဆွဲကာရယူခဲ့ကြောင်း ဂျပန်သတင်းအချက်အလက်နှင့်နည်းပညာ အဆင့်မြှင့်တင်ရေး အေဂျင်စီအပါအဝင် ဂျပန်မီဒီယာများနှင့် အခြားသောသတင်းရင်းမြစ်များက ဆိုသည်။

ဖေ့စ်ဘွတ်သုံးစွဲသူများက ဗီဒီယိုများကိုဒေါင်းလုတ်ဆွဲရယူပြီးနောက် ယင်းတို့အား ဂျပန်ဘာသာစကားဖြင့်ရေးသားထားသော ဖေ့စ်ဘွတ်စာမျက်နှာအတုတစ်ခုဆီသို့ အဆိုပါ ဗီဒီယိုလင့်ခ်များက ခေါ်ဆောင်သွားခဲ့သည်။ အဆိုပါဖေ့စ်ဘွတ်စာမျက်နှာအတုတွင် ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းမည်ဆိုပါက ယင်းသတင်းအချက်အလက်များကို အလွယ်တကူခိုးယူရရှိနိုင်မည်ဖြစ်သည်။

အမေရိကန်လူမှုကွန်ရက်တစ်ခုဖြစ်သည့် ဖေ့စ်ဘွတ်ကော်ပိုရေးရှင်း (Facebook Inc.) က ခိုးယူတိုက်ခိုက်ခြင်းခံခဲ့ရသည့် ဖေ့စ်ဘွတ်အကောင့်အရေအတွက်ကို အတည်ပြုပြောကြားခဲ့ခြင်း မရှိပေ။ သို့သော် ဆိုက်ဘာလုံခြုံရေးလုပ်ငန်း Solacom ကုမ္ပဏီက ၎င်းတို့ အနေဖြင့် ဆိုက်ဘာတိုက်ခိုက်ခဲ့သူများအသုံးပြုခဲ့သည့် ဖေ့စ်ဘွတ်စာမျက်နှာအတုအတွင်းသို့ ဝင်ရောက်ကာ ရုရှား အခြေစိုက်ဆာဗာ၏ အကောင့် ၁၀၀၀ ကျော်အတွင်းရှိ အချက်အလက်များကို ခြေရာခံစုံစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကိုးကား- ကျိုဒို၊ ဘာသာပြန်- အောင်ကျော်ကျော်

# ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ခုနစ်သိန်းကျော်ရှိလာ

ပါရီ ဩဂုတ် ၅

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာ တစ်ဝန်း၌ သေဆုံးသူပေါင်း ၇၀၀၄၈၉ ဦး ရှိလာကြောင်း အေအက်ဖ်ပီသတင်းဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့နိုင်ငံနှင့် ဒေသအများအပြားသို့ ကူးစက်ပျံ့နှံ့သွားရာ ကမ္ဘာတစ်ဝန်း၌ ယင်းရောဂါ ကူးစက်ခံရသူပေါင်း ၁၈၅၄၇၈၃၃ ဦး ရှိလာကြောင်း သိရသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၀၈၈၉၇၄၅ ဦး ထက်မနည်း ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

ဥရောပတစ်တိုက်တည်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၁၁၃၆၅ ဦးသေဆုံးခဲ့ခြင်းနှင့် အတူ ဥရောပတိုက်သည် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါအဆိုးဆုံးထိခိုက်ခံစားရသည့် တိုက်တစ်တိုက်ဖြစ်လာခဲ့သည်။

ကမ္ဘာတစ်ဝန်းလုံးရှိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူထက်ဝက်နီးပါးသည် အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ မက္ကဆီကိုနှင့် ဗြိတိန်စသည့် နိုင်ငံလေးနိုင်ငံတို့တွင် သေဆုံးခဲ့ခြင်းဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၌ သေဆုံးသူ ၁၅၆၈၀၆ ဦး၊ ဘရာဇီး၌ ၉၅၈၁၉ ဦး၊ မက္ကဆီကို၌ ၄၈၈၆၉ ဦးနှင့် ဗြိတိန်တွင် ၄၆၂၉၉ စသည်ဖြင့် အသီးသီးသေဆုံးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်း၌ သေဆုံးမှုသည် ယခုနှစ် မေလ ၂၆ ရက်မှစ၍ နှစ်ဆမြင့်တက်လာပြီး အဆိုပါ ရောဂါကြောင့် သီတင်းပတ်သုံးပတ်အတွင်း လူတစ်သိန်းကျော် သေဆုံးခဲ့သည်။

ကမ္ဘာ့နိုင်ငံအများအပြားတွင် ရောဂါပြင်းထန်သောလူနာများ သို့မဟုတ် ဆေးရုံတက်ရန်လိုအပ်သော လူနာများသာ စမ်းသပ်စစ်ဆေးသည့်အတွက် ရရှိထားသည့် ကိန်းဂဏန်းများသည် အမှန်တကယ် ရောဂါကူးစက်ခံရသူဦးရေ၏ တစ်စိတ်တစ်ဒေသထင်ဟပ်စေဖွယ် ရှိသည်။

အေအက်ဖ်ပီသတင်းဌာနသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အချက်အလက်များကို အမျိုးသားအာဏာပိုင်များမှ တရားဝင်စာရင်းများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တရားဝင်အချက်အလက်များကို ကိုးကားပြီး ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - အေအက်ဖ်ပီ

ဘာသာပြန် - ဂျေတီ



## တောင်သူလယ်သမားများသို့ အသိပေးတင်ပြခြင်း

ယနေ့ကာလတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ ပြည်တွင်းဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် သမဝါယမကဏ္ဍမှ ကူညီဆောင်ရွက်ပေးမည့်အစီအစဉ်အား အသိပေးတင်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမအသင်းစုချုပ်များနှင့် ညှိနှိုင်းပြီး ပို့ဆောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို အစွမ်းကုန်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ယင်းကိစ္စရပ်များကို ဆောင်ရွက်ရာတွင် သမဝါယမ၏ မူတစ်ရပ်ဖြစ်သော No Profit, No Loss ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ စိုက်ပျိုးထုတ်ကုန်များ ရောင်းချလိုပါက ရှမ်းပြည်နယ်အတွက် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ဖုန်း- ၀၈၁-၂၁၂၁၆၇၂ နှင့် ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဖုန်း- ၀၉-၅၂၁၄၃၇၃ သို့လည်းကောင်း၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမဦးစီးဌာနများနှင့် အသင်းစုချုပ်များ၊ သမဝါယမဦးစီးဌာန (ရုံးချုပ်) ဖုန်း- ၀၆၇-၄၁၀၃၄၁ သို့ ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**သမဝါယမဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်က ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများအား တတိယအကြိမ် ဖြန့်ဖြူးရောင်းချ



မြစ်ကြီးနား ဩဂုတ် ၅

သမဝါယမအသင်းသားများသည် ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေကြသည့် အသင်းသားများဖြစ်သည့်အပြင် တစ်ဖက်မှလည်း စားသုံးသူပြည်သူများလည်း ဖြစ်ကြသည်။

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများ၏ စိုက်ကေ ၂၀၇၄ ကေမှ ကြက်သွန်နီ(လတ်ကြီး/လတ်သန့်) ပိဿာချိန် ၂၀၁၆၀၉၅ ပိဿာ ထုတ်လုပ်နိုင်ခဲ့ပြီး ဒေသတွင်းစားသုံးမှုဖူလုံအောင် ဖြန့်ဖြူးပေးနိုင်သည့်အပြင် မြန်မာပြည်အနှံ့အပြားသို့လည်း တင်ပို့ရောင်းချနိုင်ခဲ့သည်။

ယခုအခါ ကချင်ပြည်နယ်ရှိ သမဝါယမအသင်းသားများနှင့်ဒေသခံပြည်သူများသည် ဆိပ်ဖြူမြို့နယ်မှထွက်ရှိသော ကြက်သွန်နီများကို ထပ်ကာထပ်ကာမှာယူသည့်အတွက် တတိယအကြိမ်အဖြစ် ကချင်ပြည်နယ် သမဝါယမအသင်းစုချုပ်သည် မကွေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ ကြက်သွန်နီ (လတ်ကြီး/လတ်သန့်) ပိဿာချိန် ၆၈၀၀ အား ဝယ်ယူ၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ မိုးကောင်းမြို့နယ်၊ မိုးညှင်းမြို့နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ သမဝါယမအသင်းသားပြည်သူများထံသို့ ဒေသပေါက်ဈေးကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ နှုန်းရှိသော်လည်း တစ်ပိဿာလျှင် ငွေကျပ် ၆၁၀ နှုန်းဖြင့် လယ်ဝယ်အရောက် ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်က ဆိပ်ကမ်းနှင့် ဈေးတည်ဆောက်ရေး မတည်ငွေများ လှူဒါန်း

မြောက်ဦး ဩဂုတ် ၅

ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်သည် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးအတွက် သမဝါယမနည်းလမ်းများဖြင့် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသများ၏ လူမှုရေးလိုအပ်ချက်များအပေါ် ဒေသခံသမဝါယမအသင်းသားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် အောက်စည်မောင်းကျေးရွာ၌ ဈေးပြုလုပ်ဆောင်ရွက်ရန်အတွက် လျာထားသည့်ဆိပ်ကမ်းအား ကွန်ကရစ်တာပေါင်ရိုးပြုလုပ်ပြီး မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်ရန် မတ် ၂၀ ရက်တွင် မတည်အလှူငွေကျပ် ၁၃ သိန်းကို ထောက်ပံ့လှူဒါန်းခဲ့သည်။



ထို့ပြင် ၎င်းဒေသရှိ သမဝါယမအသင်းသားများသို့လည်း ၁၀ လဆပ်စနစ်ဖြင့် အတိုးမဲ့ထုတ်ချေးခြင်းများ ဆောင်ရွက်ပေးခဲ့သည့်အပြင် ၎င်းကျေးရွာရှိ ရက္ခပူရ ပညာရေးဖောင်ဒေးရှင်းရှိ ကျောင်းဆရာတစ်ဦး၏ တစ်လစာ လစာငွေကျပ် နှစ်သိန်းနှုန်းဖြင့် တစ်နှစ်စာ လစာငွေကျပ် ၂၄ သိန်းအား ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၇-၇-၂၀၂၀ ရက်က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁၅-၆-၂၀၂၀ ရက်မှ ၁၇-၇-၂၀၂၀ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ၁၀ ဦး ကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် ငါးဦး၊ မဂ္ဂဇင်း တစ်ဦး၊ အထွေထွေ ၄၀ စုစုပေါင်း ၄၆ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ၁၂ ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၆၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၉၂၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၂၁ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၉၁၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ဧရာဝတီမြစ်နှင့် ဝေါန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိ

နေပြည်တော် ဩဂုတ် ၅

**ဧရာဝတီမြစ်ရေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့၌ နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဝေါန်မြစ်ရေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**





## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

**ရွေးကောက်ပွဲကျင်းပရန်**
**၉၄ ရက်သာ လိုတော့သည်။**

## မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏ အမည်ပါရှိနေပါက မိမိမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊ မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေး တစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည်ပါရှိနေပါက မိမိမဲပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်
- ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့လိုသည့်အခါ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၂၆ (၂)နှင့် နည်းဥပဒေ ၂၇ (၁)တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/န(သ)) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာ ပုံစံ (၄-က)ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်
- အပိုဒ်ခွဲ(ဆ)အရ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ(၄-ခ)ကို ယင်း ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့် နေရာ၏ အိမ်ထောင်စုဇယားနှင့် ပုံစံ(၄-ခ)တို့ ပူးတွဲ၍ တောင်းဆိုလွှာပုံစံ(၃)ကို မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်
- အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်ပြီး မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် တောင်းဆိုလွှာပုံစံ (၃-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့သို့ တင်ပြလျှောက်ထားရန်။



## မိတ္ထီလာမြို့၌ မဲဆန္ဒရှင်စာရင်းကြည့်ရှုသူ ၂၄၉၁၂ ဦးရှိပြီး တောင်းဆို၊ ပြင်ဆင်၊ ကန့်ကွက်လွှာ လျှောက်ထားသူ ၃၀၀၀ ကျော်ရှိ



မိတ္ထီလာ ဩဂုတ် ၅

မိတ္ထီလာမြို့၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ဇူလိုင် ၂၅ ရက်က ထုတ်ပြန်ကြေညာထားရာ ယမန်နေ့အထိ မဲဆန္ဒရှင်စာရင်း လာရောက်ကြည့်ရှုသူ ၂၄၉၁၂ ဦးရှိပြီး တောင်းဆိုလွှာ၊ ပြင်ဆင်လွှာနှင့် ကန့်ကွက်လွှာ လျှောက်ထားတင်ပြသူ ၃၀၀၀ ကျော်ရှိကြောင်း သိရသည်။

"ဇူလိုင် ၂၅ ရက်ကနေစပြီး သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များစာရင်းကို ထုတ်ပြန်ကြေညာပေးထားပါတယ်။ ဩဂုတ် ၄ ရက်အထိ မဲစာရင်းလာရောက်ကြည့်ရှုသူ ၂၄၉၁၂ ဦး၊ ပုံစံ(၃) တောင်းဆိုလွှာ လျှောက်ထားတင်ပြသူ ၁၇၀၂ ဦး၊ ပုံစံ (၄-ဂ) ပြင်ဆင်လွှာ လျှောက်ထားတင်ပြသူ ၁၀၇၆ ဦးနဲ့ ပုံစံ(၄) ကန့်ကွက်လွှာ တင်ပြလျှောက်ထားသူ ၅၇၁ ဦး ရှိပါတယ်"ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဇော်ဝင်းက ပြောသည်။

မိတ္ထီလာမြို့နယ်အတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၂၄၀၀၀၀ ကျော်ရှိပြီး ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာခြင်းကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ်၇ ရက်အထိ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဆောင်ရွက်ထားသည်။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်များ ထုတ်ပြန်ကြေညာထားမှုနှင့် မဲစာရင်းကြည့်ရှုသူများ၏ အခြေအနေများကိုလည်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်



## မိမိနေအိမ်တွင်နေထိုင်ရေးအစီအစဉ်ကို မြို့နယ်တွေအားလုံး ဖြေလျှော့ပေးနိုင်ပါပြီ
## ဈေးများလို အခြားသူများနဲ့ အချိန်ခပ်ကြာကြာ ထိတွေ့နိုင်တဲ့နေရာတွေမှာ Mask တပ်ဖို့ အထူးအရေးကြီး



Covid ရောဂါပြန့်ပွားမှုကို ကာကွယ်နိုင်ဖို့အတွက် နှစ်ပတ်တစ်ကြိမ် အခြေအနေတွေကိုသုံးသပ်ပြီး ဆက်လက်ထိန်းသိမ်းထားရမယ့် စည်းမျဉ်းတွေ၊ ဖြေလျှော့သင့်တာတွေ၊ မြှင့်တင်သင့်တာတွေကို ဆုံးဖြတ်ရပါတယ်။ ယခုလကုန်မှာ မိမိနေအိမ်တွင်နေထိုင်ရေး(Stay at Home) အစီအစဉ်ကို မြို့နယ်တွေအားလုံး ဖြေလျှော့ပေးနိုင်ပါပြီ။

လူစုလူဝေးဖြစ်စေနိုင်မဲ့ကိစ္စများကိုတော့ ဆက်လက်ပိတ်ပင်ထားပါတယ်။ ရောဂါမပြန့်ပွားစေဖို့ ထိရောက်စွာ ဆောင်ရွက်နိုင်မယ်ဆိုပါက နောက် (၁)လ၊ (၂)လလောက်အတွင်းမှာ ဒုတိယအကြိမ် Covid လှိုင်းထခြင်းကို တားဆီးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ရောဂါလက္ခဏာ လုံးလုံးမပြဘဲ ကူးစက်ခံနေရသူတွေ များတာကြောင့် အထူးသတိထားဖို့လိုပါတယ်။ ဈေးများလို အခြားသူများနဲ့ အချိန်ခပ်ကြာကြာ ထိတွေ့နိုင်တဲ့နေရာတွေမှာ Mask တပ်ဖို့ အထူးအရေးကြီးပါတယ်။ လက်ကို ခဏခဏ ဆေးဖို့လည်း မမေ့ပါနဲ့။ မပေါ့ဆပါနဲ့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏
၂၉-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

## ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ နှစ်ဦးထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၇ ဦးရှိပြီ

**နေပြည်တော် ဩဂုတ် ၅**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ နှစ်ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၇ ဦးရှိပြီဖြစ်ပြီး ပိုးတွေ့ရှိသူနှစ်ဦးမှာ ဆူဒန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးဖြစ်သည်။

ရောဂါပိုးတွေ့ရှိသူ ၃၅၇ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၀၅ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၈၉ ဦးနှင့် ယမန်နေ့ မွန်းတည့် ၁၂ နာရီမှ ယနေ့ မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၄ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၈၈၃၂ | ၃၅၇ |
| **ရောဂါပိုးကင်းစင်သသူ** | **သေဆုံးသူ** |
| ၃၀၅ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း = [illegible]

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၈၉ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၅၁ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၅ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၆ | ၁ |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၅၇ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန — ၅–၈–၂၀၂၀ ရက်နေ့ ည (၈) နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၉၁၉၁၃၄၈ | ၂၄၈၂၉၀၉ | ၁၆၀၃၃၅ |
| ၂။ | ဘရာဇီး | ၂၈၀၈၀၇၆ | ၁၉၇၀၇၆၇ | ၉၆၀၉၆ |
| ၃။ | အိန္ဒိယ | ၁၉၁၈၄၄၀ | ၁၂၈၉၆၃၂ | ၃၉၉၃၂ |
| ၄။ | ရုရှား | ၈၆၆၆၂၇ | ၆၆၉၀၂၆ | ၁၄၄၉၀ |
| ၅။ | တောင်အာဖရိက | ၅၂၁၃၁၈ | ၃၆၃၇၅၁ | ၈၈၈၄ |
| ၆။ | မက္ကဆီကို | ၄၄၉၉၆၁ | ၃၀၀၂၅၄ | ၄၈၈၆၉ |
| ၇။ | ပီရူး | ၄၃၉၈၉၀ | ၃၀၂၄၅၇ | ၂၀၀၀၇ |
| ၈။ | ချီလီ | ၃၆၂၉၆၂ | ၃၃၆၃၃၀ | ၉၇၄၅ |
| ၉။ | စပိန် | ၃၄၉၈၉၄ | စိစစ်ဆဲ | ၂၈၄၉၈ |
| ၁၀။ | ကိုလံဘီယာ | ၃၃၄၉၇၉ | ၁၈၀၂၅၈ | ၁၁၃၁၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၁၆၈၇၁ | ၇၃၈၈၉ | ၅၄၅၂ |
| ၂။ | ဖိလစ်ပိုင် | ၁၁၅၉၈၀ | ၆၆၂၇၀ | ၂၁၂၃ |
| ၃။ | စင်ကာပူ | ၅၄၂၅၄ | ၄၇၄၅၄ | ၂၇ |
| ၄။ | မလေးရှား | ၉၀၂၃ | ၈၇၀၂ | ၁၂၅ |
| ၅။ | ထိုင်း | ၃၃၂၈ | ၃၁၄၄ | ၅၈ |
| ၆။ | ဗီယက်နမ် | ၇၁၃ | ၃၈၁ | ၈ |
| ၇။ | မြန်မာ | ၃၅၇ | ၃၀၅ | ၆ |
| ၈။ | ကမ္ဘောဒီးယား | ၂၄၃ | ၂၀၂ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ၁၀။ | လာအို | ၂၀ | ၁၉ | ၀ |



## ရွှေဝတီဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ဆက်လက်ကူညီလှူဒါန်းလျက်ရှိ

**ရန်ကုန် ဩဂုတ် ၅**
ရွှေဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ဆက်လက်ကူညီလှူဒါန်းလျက်ရှိပြီး အစားအသောက်နှင့် နေရာများ စီစဉ်ပေးခြင်း၊ နေရပ်ပြန်ရန် အခက်အခဲရှိသူများအတွက် ငွေကြေးထောက်ပံ့ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးငယ်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်းခဲ့သည်။

ရွှေဝတီဖောင်ဒေးရှင်းသည် ရန်ကုန်မြို့ရှိ ကန့်သတ်စောင့်ကြည့်စခန်းများတွင် စောင့်ကြည့်ခံနေရသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း စုစုပေါင်း ၃၄၆ ဦးအတွက် အစားအသောက်များ နေ့စဉ်ပို့ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ အသွားအလာကန့်သတ်စောင့်ကြည့်စခန်းများအတွက် လူဦးရေ ၄၀၀ ကျော် နေထိုင်နိုင်သော ရုံးခန်းနေရာများကို ပံ့ပိုးပေးခြင်း၊ ရောဂါပိုးကင်းစင်၍ နေရပ်ပြန်ရန် အခက်အခဲရှိသော မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ကိုဗစ်-၁၉ လူနာ ၁၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသိန်းစီ ကူညီထောက်ပံ့ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင်ကျောင်းများမှ မိဘမဲ့ကလေးငယ်များ၊ တိုက်ပွဲရှောင်ကလေးငယ်များနှင့် နွမ်းပါးကလေးငယ် ကျောင်းသားကျောင်းသူများအတွက် မျက်နှာကာ အခု ၄၀၀၀ နှင့် အဝတ်နှာခေါင်းစည်း ၈၅၀၀ ကို ဇေယျာမောင်မယ် ပရဟိတအသင်းမှ တစ်ဆင့် လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း- ရဲရင့်ရှိန်း**
**ဓာတ်ပုံ- ကိုမိုး**

## ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်း CERP အရ ငါးသားပေါက်များထောက်ပံ့

**ပြင်ဦးလွင် ဩဂုတ် ၅**
ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် (CERP)၏ လုပ်ငန်းအစီအစဉ်ပါ ငါးမွေးမြူရေးကဏ္ဍ ပြန်လည်ဦးမော့လာစေရန်အတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးမှုဖြင့် ဆောင်ရွက်သည့် ငါးမွေးတောင်သူများသို့ ငါးသားပေါက် ဖြန့်ဖြူးပေးခြင်းကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင်ဦးစီးဌာနမှူး ဦးစောဝဏ္ဏ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်ခိုင်နှင့် ငါးသားပေါက်ဖြန့်ဖြူးရေး ဆပ်ကော်မတီဝင်များ၊ ရေနံ့သာငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးအေးလွင်၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ပြီး လက္ကောင်းကြီးကျေးရွာအုပ်စုရှိ ငါးမွေးတောင်သူ ၁၆ ဦး၏ ငါးမွေးကန်ဧက ၄၇ ဒသမ ၈၅ အတွက် ငါးသားပေါက်ကောင်ရေ ၁၁၉၆၂၅ အား ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့အပြင် မတ္တရာမြို့နယ်အတွင်း ငါးမွေးတောင်သူ ၁၅၇ ဦး၏ ငါးမွေးကန်ဧက ၉၆၂ ဒသမ ၈၂ ဧကအတွက် ဆက်လက်ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ကျောက်တန်းမြို့နယ်၌ သဘာဝရေပြင်များနှင့် စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**ရန်ကုန် ဩဂုတ် ၅**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် သဘာဝရေပြင်များနှင့်စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားများကို ယနေ့ ကျင်းပရာ ညောင်ဝိုင်းကျေးရွာရှိ ဘန့်ဘွေးကုန်းဆည်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၀နှင့် ငါးမှန်ကြီးကောင်ရေ သိန်း ၁၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့သည်။

ဆက်လက်၍ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက ကျောက်တန်းမြို့နယ် မြကိုင်းကျေးရွာရှိ တောင်သူဦးကျော်လွင်၏လယ်၌ ကျင်းပရာ တောင်သူငါးဦး၏ လယ်ဧက ၁၂၀ အတွက် ငါးခုံးမကြီးကောင်ရေ ၆၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

အဆိုပါအခမ်းအနားများသို့ ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးအေးနိုင်၊ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းလတ်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးခင်ဝင်းနှင့် ဝန်ထမ်းများ၊ ကျောက်တန်းမြို့နယ် ပုစွန်သားပေါက်စခန်းတာဝန်ခံ ဒေါ်မြမြဆင့်၊ လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်သင်းသင်းခိုင်နှင့် ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




## မြဝတီတံတားအမှတ် (၂) မှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၂၅ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဩဂုတ် ၅**
ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၂၅ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ ၃၂၁၂ ဦး စုစုပေါင်း ၅၈၈၂၇ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၃၃၁ ဦး၊ အမျိုးသမီး ၁၉၄ ဦး စုစုပေါင်း ၅၂၅ ဦး ဖြစ်ပြီး သက်ဆိုင်ရာအသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်**
**(ပြန်/ဆက်)**

## ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၉၁ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်



**ချင်းရွှေဟော် ဩဂုတ် ၅**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ခြောက်ဦးနှင့် ယနေ့မွန်းလွဲ ၂ နာရီခွဲက ၈၅ ဦး စုစုပေါင်းနေရပ်ပြန် ပြည်သူ ၉၁ ဦးတို့အား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်း ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန် ပြည်သူ ၉၁ ဦးမှာ အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၃၄ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၉ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ လေးဦး၊ မကွေးတိုင်းဒေသကြီးမှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ နှစ်ဦး၊ ကချင်ပြည်နယ်မှ ငါးဦး၊ ကယားပြည်နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်မှ ၃၀ နှင့် ရခိုင်ပြည်နယ်မှ ၁၂ ဦးတို့ ဖြစ်ကြောင်း သိရသည်။

၎င်းနေရပ်ပြန်ပြည်သူများမှ တရုတ်နိုင်ငံမှ လွှဲပြောင်းလာသည့် အမျိုးသား ၅၀၊ အမျိုးသမီး ၃၁ ဦး စုစုပေါင်း ၈၁ ဦးတို့သည် တရုတ်နိုင်ငံဘက်ခြမ်းတွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံခဲ့ရသည့် ပြည်သူများဖြစ်သည်။ ၎င်းတို့အား ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ခေတ္တထားရှိပြီး ချင်းရွှေဟော်မြို့ ကုသရေးဦးစီးဌာနမှ ၎င်းတို့၏ အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ်တို့အား ရယူကာ ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးနိုင်ရန် မန္တလေးမြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ ဓာတ်ခွဲအဖြေကောင်းမွန်ကြောင်းသိရ၍ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာဒေသများသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၈၄၈ ဦးနှင့် အမျိုးသမီး ၆၃၀၅ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၄၁၅၃ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်**
**(ပြန်/ဆက်)**

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

**ဇယား ၁**

**အခွန်နှုန်းများ**

( ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ )

၁။ တစ်ဦးချင်းပုဂ္ဂိုလ်များအတွက် သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အခွန်စည်းကြပ်ရန်ဝင်ငွေ (ကျပ်) | | အခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ % |
| ၂ | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ % |
| ၃ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ % |
| ၄ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ % |
| ၅ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ % |
| ၆ | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ % |

၂။ ကုမ္ပဏီအတွက် ဝင်ငွေခွန်နှုန်းမှာ ၂၅ ရာခိုင်နှုန်း ဖြစ်သည်။

၃။ ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများဖြစ်ပါက ဝင်ငွေခွန်နှုန်းမှာ ၂၀ ရာခိုင်နှုန်းဖြစ်သည်။

၄။ အမွေပုံပစ္စည်းအတွက် ဝင်ငွေခွန်နှုန်းမှာ ၁၀ ရာခိုင်နှုန်း ဖြစ်သည်။

၅။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂) အရ ဝင်ငွေခွန်နှုန်းများမှာ အောက်ပါ အတိုင်း ဖြစ်သည် -

(က) အာမခံပရီမီယံတစ်ရပ်အတွက် ၅ ရာခိုင်နှုန်း၊

(ခ) အတိုး၊ ခိုင်ကြေး၊ နှစ်ကြေး၊ စီမံခန့်ခွဲမှုအခ၊ နည်းပညာအခအတွက် ၁၅ ရာခိုင်နှုန်း၊

(ဂ) ဖျော်ဖြေသူတစ်ဦး သို့မဟုတ် ဖျော်ဖြေသူအုပ်စုတစ်စုသို့ ပေးချေသည့် ငွေကြေးပမာဏအတွက် ၁၅ ရာခိုင်နှုန်း၊

(ဃ) ဇယား ၃၊ အပိုင်း ( ၅ )၊ အပိုဒ် (၁)၊ အပိုဒ်ခွဲ (က) အရ အကျိုးအမြတ် မယူသည့် အဖွဲ့အစည်း သို့မဟုတ် ယခင်တည်ရှိခဲ့သည့် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းက ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေမှ ပေးချေသည့် အမြတ်ဝေစုအတွက် ၁၅ ရာခိုင်နှုန်း၊

(င) အခြားမည်သည့် အမြတ်ဝေစုအတွက်မဆို ၁၅ ရာခိုင်နှုန်း။

၆။ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ အခြေပစ္စည်းမှ မြတ်စွန်းခွန်နှုန်းသည် ၁၀ ရာခိုင်နှုန်း ဖြစ်သည်။

**ဇယား ၂**

**ငွေကြေးမဟုတ်သည့် အကျိုးခံစားခွင့်များ၏ တန်ဖိုး**

[ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် ( ၂ ) ]

၁။ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ဝန်ထမ်းတစ်ဦး၏ အလုပ်အကိုင်မှ ဝင်ငွေတွင် ပါဝင်သည့် ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးကို ဤဇယားနှင့်အညီ သတ်မှတ်ရမည်။

၂။ ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးသည် ယင်းအကျိုးခံစားခွင့်ကို ပေးအပ်သည့် လစာကာလရှိ အလုပ်အကိုင်မှ ဝင်ငွေတွင် ပါဝင်သည်။

**ကြွေးမြီလျှော်ပေးသည့် အကျိုးခံစားခွင့်**

၃။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦး ယင်းအလုပ်ရှင်ထံ ပေးချေရန် သို့မဟုတ် ပြန်လည်ပေးဆပ်ရန် ငွေကြေးပမာဏတစ်ရပ်အတွက် တာဝန်ရှိမှုကို လျှော်ပေးလိုက်ခြင်းသည် ကြွေးမြီလျှော်ပေးသည့် အကျိုးခံစားခွင့်ဖြစ်သည်။

၄။ ကြွေးမြီလျှော်ပေးသည့် အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးသည် လျှော်ပေးလိုက်သည့် ငွေကြေးပမာဏဖြစ်သည်။

**နေအိမ်ဝန်ထမ်း ခန့်ထားပေးသည့် အကျိုးခံစားခွင့်**

၅။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးအတွက် ထောက်ပံ့ပေးသည့် နေအိမ်ဝန်ထမ်းများ၏ ဝန်ဆောင်မှုသည် နေအိမ်ဝန်ထမ်းခန့်ထားပေးသည့် အကျိုးခံစားခွင့်ဖြစ်သည်။

၆။ လစာကာလတစ်ရပ်အတွက် နေအိမ်ဝန်ထမ်း ခန့်ထားပေးသည့် အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးသည် ယင်းနေအိမ်ဝန်ထမ်းအား ယင်းလစာကာလတွင် ယင်းဝန်ထမ်းအတွက် ဆောင်ရွက်ပေးခဲ့သည့် ဝန်ဆောင်မှုများအတွက် ပေးချေသည့် စုစုပေါင်း အလုပ်အကိုင်ဆိုင်ရာ ဝင်ငွေအနက်မှ ယင်းဝန်ထမ်းက ထိုဝန်ဆောင်မှုများအတွက် ပေးချေခဲ့မှုမှန်သမျှကို နုတ်ယူထားသည့် ငွေကြေးပမာဏဖြစ်သည်။

**အိမ်ရာဆိုင်ရာ အကျိုးခံစားခွင့်**

၇။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးသို့ ပေးအပ်သည့် နေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာသည် အိမ်ရာဆိုင်ရာ အကျိုးခံစားခွင့်ဖြစ်သည်။

၈။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးသို့ ပေးအပ်သည့် အိမ်ရာဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်၏ လစာကာလတစ်ရပ်အတွက် တန်ဖိုးသည် ယင်းကာလတွင် ယင်းနေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာကို အလုပ်ရှင် သို့မဟုတ် တွဲဖက်လုပ်ကိုင်သူတစ်ဦးက ပိုင်ဆိုင်ခြင်းဖြစ်ပါက ယင်းနေထိုင်ရန် နေရာ သို့မဟုတ် အိမ်ရာ၏ ယင်းလစာကာလအတွက် ပြင်ပဈေးကွက်ပေါက်ဈေး ဖြစ်သည့် ငှားရမ်းခမှ ယင်းဝန်ထမ်းက ထိုနေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာ အတွက် ပေးချေမှုမှန်သမျှကို နုတ်ပယ်ထားသည့် ငွေကြေးပမာဏဖြစ်သည်။

၉။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးသို့ ပေးအပ်သည့် အိမ်ရာဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်၏ လစာကာလတစ်ရပ်အတွက် တန်ဖိုးသည် ယင်း ကာလတွင် ယင်းအလုပ်ရှင်က ထိုနေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာကို ငှားရမ်းရယူထားခြင်းဖြစ်ပါက ယင်းအလုပ်ရှင်က ထိုနေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာအတွက် ယင်းလစာကာလအတွက် ပေးချေသည့် ငှားရမ်းခမှ ယင်းဝန်ထမ်းက ထိုနေထိုင်ရန်နေရာ သို့မဟုတ် အိမ်ရာအတွက် ပေးချေမှုမှန် သမျှကို နုတ်ပယ်ထားသည့် ငွေကြေးပမာဏဖြစ်သည်။

**ချေးငွေအပေါ် အတိုးနှုန်းလျှော့ပေါ့သည့် အကျိုးခံစားခွင့်**

၁၀။ အပိုဒ် ၁၂ နှင့် မဆန့်ကျင်စေဘဲ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးသို့ ပေးအပ်သည့် ချေးငွေတစ်ရပ်အတွက် အတိုးနှုန်းသည် ဈေးကွက်ရှိ ချေးငွေ ဆိုင်ရာအတိုးနှုန်းအောက် လျှော့နည်းနေပါက ချေးငွေအပေါ် အတိုးနှုန်း လျှော့ပေါ့သည့် အကျိုးခံစားခွင့်ဖြစ်သည်။

၁၁။ လစာကာလတစ်ရပ်အတွက် ချေးငွေအပေါ် အတိုးနှုန်းလျှော့ပေါ့သည့် အကျိုးခံစားခွင့်တစ်ရပ်၏တန်ဖိုးသည် ယင်းဝန်ထမ်းက ထိုလစာကာလ အတွက် ယင်းချေးငွေအပေါ် ပေးချေသည့် အတိုးနှုန်း (ရှိပါက)နှင့် ထိုချေးငွေကို ထိုလစာကာလအတွက် ဈေးကွက်ရှိ ချေးငွေဆိုင်ရာ အတိုးနှုန်းဖြင့်ချေးယူခဲ့ခြင်း ဖြစ်ပါက ယင်းဝန်ထမ်းက ထိုလစာကာလအတွက် ထိုချေးငွေအပေါ် ပေးချေခဲ့ မည် ဖြစ်သည့် အတိုးနှုန်းတို့ နှစ်ရပ်အကြား ခြားနားမှုဖြစ်သည်။

၁၂။ ယင်းဝန်ထမ်းသည် ချေးငွေဆိုင်ရာ ငွေကြေးများကို စည်းကြပ်ထိုက်သော ဝင်ငွေတွင် ပါဝင်သည့် ငွေကြေးပမာဏကိုရရှိရန် အသုံးပြုသည့် အတိုင်းအတာ အထိ အပိုဒ် ၁၀ သည် အကျိုးသက်ရောက်ခြင်း မရှိစေရ။

**မော်တော်ယာဉ်ဆိုင်ရာ အကျိုးခံစားခွင့်**

၁၃။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးအား ယင်းဝန်ထမ်း၏ ကိုယ်ရေး ကိုယ်တာအတွက် အပြည့်အဝဖြစ်စေ တစ်စိတ်တစ်ပိုင်းဖြစ်စေ အသုံးပြုရန် ပေးအပ်သည့် မော်တော်ယာဉ်တစ်စီးသည် မော်တော်ယာဉ်ဆိုင်ရာ အကျိုး ခံစားခွင့်ဖြစ်သည်။

၁၄။ အပိုဒ် ၁၅ နှင့် အပိုဒ် ၁၆ တို့နှင့် မဆန့်ကျင်စေဘဲ မော်တော်ယာဉ်ဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်၏ လစာကာလတစ်ရပ်အတွက် တန်ဖိုးသည်အောက်ပါ ပုံသေနည်းအရ တွက်ချက်သည့် ငွေကြေးပမာဏဖြစ်သည် -

$$\frac{A \times 20\%}{B}$$

ယင်းတွင် -

A သည် ယင်းအလုပ်ရှင်က ယင်းမော်တော်ယာဉ်ကို ရယူခြင်းအတွက် ကုန်ကျစရိတ် သို့မဟုတ် မော်တော်ယာဉ်သည် ယင်းအလုပ်ရှင်က ငှားရမ်းယူထားခြင်းဖြစ်ပါက ငှားရမ်းမှု စတင်ချိန်တွင်ရှိသည့် ယင်းမော်တော်ယာဉ်၏ ပြင်ပဈေးကွက်ပေါက်ဈေးဖြစ်သည်၊

B သည် ယင်းဝန်ထမ်း၏ အခွန်နှစ်တစ်နှစ်အတွက် လစာကာလများ၏ အရေအတွက်ဖြစ်သည်။

၁၅။ မော်တော်ယာဉ်ဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးသည် အပိုဒ် ၁၄ အရ တွက်ချက်ရရှိသည့် ပမာဏမှ အောက်ပါတို့ကို နုတ်ယူထားသည့် ငွေကြေးပမာဏဖြစ်သည် -

(က) ယင်းဝန်ထမ်းက ယင်းမော်တော်ယာဉ်ကို အသုံးပြုမှုအတွက် သို့မဟုတ် ထိန်းသိမ်းမှုနှင့် အသုံးပြုမှုဆိုင်ရာ ကုန်ကျစရိတ်များ အတွက် ပြုလုပ်သည့် မည်သည့်ပေးချေမှုမဆို၊

(ခ) ယင်းဝန်ထမ်းက ယင်းမော်တော်ယာဉ်ကို အလုပ်အကိုင်ကိစ္စ ဆောင်ရွက်ရာ၌ အသုံးပြုသည့် အချိုးအစား (ရှိပါက)၊

(ဂ) ယင်းဝန်ထမ်းအား ယင်းမော်တော်ယာဉ်ကို ကိုယ်ရေးကိုယ်တာ အသုံးပြုရန် ပေးအပ်ထားခြင်းမရှိသည့် လစာကာလ၏ အချိုး အစား (ရှိပါက)။

၁၆။ ဤဇယားရှိ ဝန်ထမ်းတစ်ဦးထံသို့ ကိုယ်ရေးကိုယ်တာ အသုံးပြုရန် ပေးအပ်ထားသည့် မော်တော်ယာဉ်တစ်စီးအား ရည်ညွှန်းချက်တွင် ဝန်ထမ်း တစ်ဦး ကိုယ်ရေးကိုယ်တာ အသုံးပြုရန် အသင့်ထားရှိပေးစေကာမူ ယင်း ဝန်ထမ်းက တစ်စုံတစ်ရာသောနေ့ရက်တွင် ကိုယ်ရေးကိုယ်တာအတွက် အမှန်တကယ်အသုံးပြုခြင်းမရှိသည့် မော်တော်ယာဉ်တစ်စီး ပါဝင်သည်။

**ကိုယ်ရေးကိုယ်တာ အသုံးစရိတ်ဆိုင်ရာ အကျိုးခံစားခွင့်**

၁၇။ အလုပ်ရှင်တစ်ဦးက ပေးအပ်သည့် အသုံးစရိတ်သည် ဝန်ထမ်းတစ်ဦး အတွက် ကိုယ်ရေးကိုယ်တာ အကျိုးခံစားခွင့်တစ်ရပ်ကို ပေါ်ပေါက်စေသည့် အတိုင်းအတာအထိ ကိုယ်ရေးကိုယ်တာ အသုံးစရိတ်ဆိုင်ရာ အကျိုးခံစား ခွင့်ဖြစ်သော်လည်း အလုပ်ရှင်တစ်ဦးက ပေးအပ်သည့် အသုံးစရိတ်သည် ဤဇယား၏ အပိုဒ် ၂၃ မှလွဲ၍ အခြားအပိုဒ်တစ်ခုအရ ဝန်ထမ်းတစ်ဦး၏ ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်တစ်ရပ်ဖြစ်ပါက ယင်းအသုံးစရိတ် ပါဝင်ခြင်းမရှိစေရ။

၁၈။ ကိုယ်ရေးကိုယ်တာ အသုံးစရိတ်ဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးသည် အပိုဒ် ၁၇ အရ ကိုယ်ရေးကိုယ်တာ အသုံးစရိတ်ဆိုင်ရာ အကျိုး ခံစားခွင့်တစ်ရပ်အဖြစ် မှတ်ယူသည့် အသုံးစရိတ်ပမာဏဖြစ်သည်။

**ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများဆိုင်ရာ အကျိုးခံစားခွင့်**

၁၉။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးသို့ ပစ္စည်းလွှဲပြောင်းခြင်း သို့မဟုတ် ဝန်ဆောင်မှုများပေးအပ်ခြင်းသည် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများဆိုင်ရာ အကျိုးခံစားခွင့်ဖြစ်သည်။

၂၀။ အပိုဒ် ၂၁ နှင့် မဆန့်ကျင်စေဘဲ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများဆိုင်ရာ အကျိုးခံစားခွင့်၏ တန်ဖိုးသည် အောက်ပါတစ်ရပ်ရပ်ဖြစ်သည် -

(က) ယင်းအလုပ်ရှင်သည် တူညီသည့်ပိုင်ဆိုင်မှု သို့မဟုတ် ဝန်ဆောင်မှု များကို ဖောက်သည်များအား ပုံမှန်လုပ်ငန်းဆောင်ရွက်မှုနည်း လမ်းဖြင့် ထောက်ပံ့ပေးလျှင် ယင်းပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု များ၏ ပုံမှန်ရောင်းဈေး၏ ၇၅%၊

(ခ) အခြားမည်သည့်ကိစ္စတွင်မဆို အလုပ်ရှင်က ယင်းပစ္စည်းကို ရယူ ခြင်းအတွက် ကုန်ကျစရိတ် သို့မဟုတ် ဝန်ဆောင်မှုများ ပေးအပ် ခြင်းအတွက် ကျခံရသည့် အသုံးစရိတ်။

၂၁။ အပိုဒ် ၂၀ အရ သတ်မှတ်သည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများဆိုင်ရာ အကျိုးခံစားခွင့်၏ တန်ဖိုးသည် ယင်းပမာဏမှ ယင်းဝန်ထမ်းက ထိုပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် ပြုလုပ်သည့် မည်သည့်ပေးချေမှုကိုမဆို နုတ်ပယ်ထားသည့် ငွေကြေးပမာဏဖြစ်သည်။

၂၂။ အပိုဒ် ၂၀၊ အပိုဒ်ခွဲ (က) ၏ ရည်ရွယ်ချက်များအလို့ငှာ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများဆိုင်ရာ အကျိုးခံစားခွင့်သည် လေကြောင်းလိုင်းလုပ်ငန်း လုပ်ကိုင်သူဖြစ်သည့် အလုပ်ရှင်တစ်ဦးက အခမဲ့ သို့မဟုတ် လျှော့နှုန်းဖြင့် ပေးအပ်သည့် လေကြောင်းခရီးသွားလာခွင့်ဖြစ်လျှင် ပုံမှန်ဈေးနှုန်းသည် လေကြောင်းခရီးသွားလာမှုအတွက် ယင်းအလုပ်ရှင်က ပုံမှန်သတ်မှတ်ထား သည့် ရိုးရိုးတန်း ဈေးနှုန်းဖြစ်သည်။

**ကြွင်းကျန်သည့် အကျိုးခံစားခွင့်များ**

၂၃။ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းတစ်ဦးသို့ ပေးအပ်သည့် ငွေသားမဟုတ် သည့် အကျိုးခံစားခွင့်တစ်ရပ်ကို ဤဇယားရှိ အခြားအပိုဒ်တစ်ခုနှင့်အကျုံးဝင် ခြင်းမရှိလျှင် ယင်းသည် ကြွင်းကျန်သည့် အကျိုးခံစားခွင့်ဖြစ်သည်။

၂၄။ ကြွင်းကျန်သည့် အကျိုးခံစားခွင့်တစ်ရပ်၏ တန်ဖိုးသည် ယင်းအကျိုး ခံစားခွင့်ကို ပေးအပ်သည့်အချိန်၌ သတ်မှတ်သည့် ပြင်ပဈေးကွက်ပေါက်ဈေးမှ ဝန်ထမ်းက ယင်းအကျိုးခံစားခွင့်အတွက် ပြုလုပ်သည့် မည်သည့်ပေးချေမှု ကိုမဆို နုတ်ယူထားသည့် ငွေကြေးပမာဏဖြစ်သည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၂၅။ ဤဇယားတွင် -

(က) **“နေအိမ်ဝန်ထမ်း”** ဆိုသည်မှာ နေအိမ်ကို ထိန်းသိမ်းစောင့်ရှောက်သူ၊ ထမင်းချက်၊ ယာဉ်မောင်း၊ ဥယျာဉ်မှူး၊ လုံခြုံရေးဝန်ထမ်း၊ သို့မဟုတ် အခြားအိမ်အကူကိုဆိုသည်။

(ခ) လတစ်လနှင့်စပ်လျဉ်း၍ **“ဈေးကွက်ရှိ ချေးငွေဆိုင်ရာအတိုးနှုန်း”** ဆိုသည်မှာ အောက်ပါတစ်ရပ်ရပ်ကို ဆိုသည် -

(၁) အလုပ်ရှင်သည် စီးပွားဖြစ်ဆောင်ရွက်သည့် ဘဏ်တစ်ခု ဖြစ်ပါက အဆိုပါလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စီးပွားဖြစ်လုပ်ကိုင်သည့် ဘဏ်များသို့ ခွင့်ပြုပေးသည့် ချေးငွေများနှင့် တစ်ဆင့်လျှော့နှုန်းချေးငွေ (rediscount facilities) များ အပေါ်တွင် အတိုးနှုန်း၊

(၂) အခြားမည်သည့်အလုပ်ရှင်အတွက်မဆို အဆိုပါလအတွင်း မြန်မာနိုင်ငံတွင် တည်ရှိနေသည့် စီးပွားဖြစ်ချေးငှားသည့် အနိမ့်ဆုံး အတိုးနှုန်း။

(ဂ) **“မော်တော်ယာဉ်”** ဆိုသည်မှာ တစ်တန်အောက်ဝန်နှင့် ခရီးသည် ကိုးဦးအောက်ကို သယ်ဆောင်ရန် ရည်ရွယ်ထုတ်လုပ်ထားသည့် မော်တော်ယာဉ်တစ်စီးကိုဆိုသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# (၃၃) ကြိမ်မြောက် အာဆီယံ - အမေရိကန် ဆွေးနွေးပွဲကို Video Conference ဖြင့် ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

(၃၃)ကြိမ်မြောက် အာဆီယံ-အမေရိကန် ဆွေးနွေးပွဲကို ယနေ့နံနက် ၇ နာရီတွင် Video Conference စနစ်ဖြင့် ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

**ပါဝင်တက်ရောက်**

အစည်းအဝေးကို အာဆီယံ-အမေရိကန် ဆွေးနွေးဆက်ဆံရေးညှိနှိုင်းရေးမှူးနိုင်ငံဖြစ်သည့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Thongphane Savanphet နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. David R. Stilwell တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများနှင့် အာဆီယံ နိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းမှ ဒုတိယအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် အဆင့်မြင့်အရာရှိကြီးများက အာဆီယံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ကိုဗစ်-၁၉ ကူးစက်ရောဂါထိန်းချုပ်ရေး တုံ့ပြန်ဆောင်ရွက်မှုများ၊ အာဆီယံ-အမေရိကန် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က ဒေသတွင်း၌ နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုနှင့် မဟာဗျူဟာကျသည့် တည်ငြိမ်မှုကို ပိုမိုတိုးမြှင့်ရန်အတွက် အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏သဘောထား အမြင်တွင် ဖော်ပြပါရှိသည့် အာဆီယံ၏ အချက်အချာကျမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှု၊ တန်းတူညီမျှရှိမှု၊ အားလုံးပါဝင်နိုင်မှုနှင့် သဟဇာတဖြစ်မှုတို့သည် အဓိကကျသည့်အချက်များဖြစ်ကြောင်း၊ အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် ပင်လယ်ရေကြောင်းကူးလူးဆက်သွယ်ရေး၊ ပင်လယ်ပြင်ရှိ စွန့်ပစ်ပစ္စည်းများဖယ်ရှားရေး၊ ပင်လယ်ရေကြောင်း



ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်စောင့်ရှောက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရန် အရေးကြီးကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့ မီဒီယာများနှင့်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၅**

အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ယမန်နေ့နှင့် ယနေ့တို့တွင် ကျင်းပခဲ့ရာ ယနေ့မွန်းလွဲပိုင်းတွင် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့က မီဒီယာများနှင့် တွေ့ဆုံပြီး အစည်းအဝေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ၎င်းတို့၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

**တူညီချက် ၁၄ ချက်**

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အစိုးရနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အလုပ်အဖွဲ့အကြား (၇)ကြိမ်မြောက် အစည်းအဝေး ဖြစ်ပါတယ်။ အစည်းအဝေးကို မနေ့ကတည်းက ကျင်းပတာ ဒီနေ့မနက်ပိုင်းမှာ ပြီးသွားပါပြီ။ အစည်းအဝေးရလဒ်က Union Accord ရဲ့ အပိုင်း (၁)၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် အားလုံးပေါင်း ၁၄ ချက် ရပါတယ်။ ဆက်လက်ဆွေးနွေးဖို့ ကျန်ရှိတာက တစ်ချက်ပဲ ကျန်ပါတယ်။ ဒါကလည်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြင်ဆင်တဲ့အပိုင်းဖြစ်တယ်။ နောက်ပြီး Union Accord ရဲ့ အပိုင်း (၂)၊ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်၊ အဆင့်လိုက် အကောင်အထည်ဖော်မှုတွေနဲ့ ပတ်သက်လို့ ဇယား(၁)ကတော့ ကျွန်တော်တို့ဆီမှာ ရပြီးသွားပါပြီ၊ ဇယား(၁) က အဆင့်လိုက်သွားမယ့် အဆင့်တွေဖြစ်တယ်။ ဒီအပေါ်မှာ ဆွေးနွေးသွားမယ့် အကြောင်းအရာတွေ၊ အကောင်အထည်ဖော်မယ့်ဟာတွေကို ကျွန်တော်တို့ Single Test လုပ်ထားတဲ့ ခေါင်းစဉ်ကြီး ရှစ်ခု ပါပါတယ်၊ ပြီးရင်တော့ ဇယား(၂) ရှိတယ်။ ဇယား(၂)ကတော့ အဆင့်သုံးဆင့်မှာ အဆင့်လိုက်အဆင့်လိုက် ဘယ်လိုသွားမယ်ဆိုတဲ့ အသေးစိတ်တွေကို ညှိနှိုင်းနေဆဲ ဖြစ်တယ်။ အဲဒါတော့ ဆက်ပြီးတော့ ဆွေးနွေးဖို့ ရှိပါမယ်။

နောက်တစ်ခုကတော့ Union Accord ရဲ့ အပိုင်း (၃) ဖြစ်ပါတယ်။ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ကြားမှာ သဘောတူညီချက် နှစ်ချက်ရရှိထားပါတယ်။ ဆက်လက်ဆွေးနွေးဖို့က ငါးချက် ကျန်ရှိနေပါတယ်။ နောက်တစ်ချက်ကတော့ ဒီကနေ့ အစည်းအဝေးကနေ ပြည်ထောင်စု သဘောတူစာချုပ်ကို ချုပ်ဆိုတဲ့အခါ ဘယ်လိုချုပ်မလဲဆိုတဲ့ စာချုပ်ပုံစံနဲ့ ပတ်သက်လို့လည်း ဒီကနေ့ အစည်းအဝေးကနေ အလုပ်အဖွဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီအလုပ်အဖွဲ့ကနေ ဆက်ပြီးတွေ့မယ်၊ ပြီးရင် လာမယ့်ဩဂုတ်လ ၁၀၊ ၁၁ မှာ JICM အကြိုညှိနှိုင်းအစည်းအဝေး လုပ်မှာဖြစ်ပါတယ်။ ပြီးရင် JICM အစည်းအဝေးကို ၁၃ ရက်နေ့မှာ ကျင်းပဖို့ ရှိပါတယ်" ဟုပြောသည်။

ယင်းနောက် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေးက "ဒီနေ့ အစည်းအဝေး ရလဒ်ကကောင်းပါတယ်လို့ ပြောရမယ်။ ကျွန်တော်တို့ ဆက်လက်ဆွေးနွေးဖို့ဆိုရင် အပိုင်း (၁) မှာ မရှိတော့ပါဘူး။ အပိုင်း(၂) နဲ့ အပိုင်း(၃)မှာပဲ ဆက်လက်ဆွေးနွေးဖို့ အနည်းငယ်ပဲရှိပါတော့တယ်။ အခု ဆက်လက်ဆွေးနွေးဖို့ ကျန်တာကို မနက်ဖြန်နဲ့ သန်ဘက်ခါ PPST ခေါင်းဆောင်တွေ နေပြည်တော်လာပြီး အစည်းအဝေးထိုင်မယ်။ ကျွန်တော်တို့ ရရှိထားတဲ့ ရလဒ်တွေအပေါ်မှာ မူတည်ပြီးတော့ PPST ခေါင်းဆောင်တွေကနေပြီး ဘယ်လမ်းညွှန်ချက်တွေ ဆက်ပေးနိုင်မလဲဆိုတာ ပြန်ပြီးတော့ နားထောင်မယ်၊ နောက်ပြီး အကြို JICM ကို လာမယ့် ဩဂုတ် ၁၀၊ ၁၁ ရက်တွေမှာ ပြန်လုပ်မယ်။ အဲဒါဆိုရင် ကျွန်တော်တို့က အပြီးသတ်ရရှိပြီ။

ကျွန်တော်တို့က နိုင်ငံတော်အပေါ် တောင်းဆိုထားတဲ့ အပစ်အခတ်ရပ်စဲရေး မလုပ်သေးတဲ့ အဖွဲ့တွေကိုလည်း ဖိတ်ကြားဖို့ ပြောထားပါတယ်။ ဒါကိုလည်း



နိုင်ငံတော်က ဖိတ်ပေးပါ့မယ်လို့ ပြောပါတယ်။ ဒါပေမယ့် AA ကလွဲပြီး ကျန်တဲ့ ၇ ဖွဲ့ကို ဖိတ်ကြားပေးပါ့မယ်လို့ ဒီနေ့ အစည်းအဝေးမှာ တရားဝင်ပြောခဲ့ပါတယ်။ သို့သော် ထိပ်သီးခေါင်းဆောင်က ကိုယ်စားလှယ်လွှတ်လို့မရပါဘူး၊ ထိပ်သီးခေါင်းဆောင်ကိုယ်တိုင် တက်မယ်ဆိုရင် တက်လို့ရပါတယ်ဆိုပြီးတော့ နိုင်ငံတော်ကနေတစ်ဆင့် ဖိတ်ကြားပေးသွားမှာပါ။ ကျန်တာကတော့ ကျွန်တော်တို့ JICM အစည်းအဝေးမှာပဲ အဖြေကောင်းကောင်း ထွက်မယ်လို့လည်း မျှော်လင့်ပါတယ်" ဟုပြောသည်။

ယင်းနောက် သတင်းမီဒီယာများ၏ မေးမြန်းမှုများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "လက်မှတ်မထိုးရသေးတဲ့အဖွဲ့ ၇ ဖွဲ့ကို ဖိတ်ကြားပါမယ်။ တချို့အဖွဲ့အစည်းတွေကို ဥပဒေအရ ဖိတ်ကြားဖို့ အကန့်အသတ်ရှိတဲ့အတွက် ဖိတ်ကြားနိုင်မှာ မဟုတ်ပါဘူး။ ဖိတ်တဲ့အခါမှာ လက်မှတ်ထိုးပြီးသားအဖွဲ့တွေကို ညီလာခံတက်ရောက်ဖို့အတွက် ထိပ်သီးခေါင်းဆောင်နှစ်ယောက်စီ ဖိတ်ကြားမှာဖြစ်သလို လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေကိုလည်း ထိပ်သီးခေါင်းဆောင်နှစ်ယောက်စီ ဖိတ်ကြားမယ်။ ဖိတ်ကြားတဲ့အခါမှာလည်း လူစားထိုးတက်ရောက်ခွင့်မရှိဘူး။ ဖိတ်ကြားတဲ့ ထိပ်သီးခေါင်းဆောင်တွေပဲ ကိုယ်တိုင်တက်ရပါမယ်။ အနိုင်ရနိုင်ငံရေးပါတီ ၂၁ ပါတီရှိတယ်။ ဒီပါတီတွေကိုလည်း ခေါင်းဆောင်နှစ်ယောက်စီ ဖိတ်ကြားမယ်။ သူတို့ကိုလည်း အစားထိုးတက်ရောက်ခွင့်မရှိဘူးဆိုတဲ့ ပုံစံနဲ့ ဖိတ်သွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက CSO Forum က အဖွဲ့တွေကိုလည်း ငါးယောက် ဖိတ်ဖို့လျာထားတယ်။ ကျန်တာကတော့ ယခင်ညီလာခံတွေမှာ ဖိတ်ကြားခဲ့တဲ့ လေ့လာသူတွေကို COVID ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလဖြစ်တဲ့အတွက် ဒီညီလာခံမှာ ဖိတ်ကြားမှာ မဟုတ်ဘူး။

အဓိကကတော့ လာမယ့် ၁၃ ရက်နေ့မှာ JICM လုပ်မယ်။ UPDJC ကို ကျွန်တော်တို့က ၁၇ ရက်မှာ ခေါ်ထားတယ်။ ဒီမတိုင်ခင်မှာလည်း ၁၄ ရက်မှာ နိုင်ငံရေးပါတီအစုအဖွဲ့ကို ရှင်းပြမယ်။ UPDJC အတွင်းရေးမှူး အစည်းအဝေးက ၁၅ ရက်နေ့ ဖြစ်မယ်။ ပြီးရင် ညီလာခံကို ၁၉၊ ၂၀၊ ၂၁ လုပ်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ညီလာခံမတိုင်ခင်မှာ UPDJC အစည်းအဝေး တစ်ကြိမ်လုပ်မယ်။ ဒီ JICM က သဘောတူလိုက်တာတွေကို UPDJC မှာ ထပ်ပြီးတော့ ကျွန်တော်တို့က အတည်ပြုမယ်။ အဲဒီမှာလည်း ကျွန်တော်တို့က စာချုပ်ပုံစံအတည်ပြုမယ်။ သဘောတူညီချက်တွေ အတည်ပြုမယ်။ ပြီးရင် ဘယ်လို Signing လုပ်မလဲဆိုတာတွေ ဆွေးနွေးပြီးအတည်ပြုမှာဖြစ်တယ်။ အထူးသဖြင့်ကတော့ နိုင်ငံရေးဆွေးနွေးပွဲတွေကို ဦးဆောင်ရတာက UPDJC ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နဲ့ EAO ကြားမှာ Deadlock ဖြစ်သွားတယ်။ Deadlock ဖြစ်သွားတဲ့အတွက် JICM က ပြန်စရတဲ့ သဘောဖြစ်သွားတယ်" ဟုပြောသည်။

စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေး ကျင်းပရန် လျာထားမှုနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ညီလာခံက ၃ ရက် ကျင်းပမှာဖြစ်ပါတယ်။ ပထမနေ့က ယခင်ညီလာခံတွေနည်းတူ ဖွင့်ပွဲအခမ်းအနားကျင်းပပြီး သက်ဆိုင်တဲ့ခေါင်းဆောင်တွေက မူဝါဒမိန့်ခွန်းပြောကြားမယ်။ မွန်းလွဲပိုင်းမှာ UPDJC အတွင်းရေးမှူးအစည်းအဝေးလုပ်မယ်။ ဒုတိယနေ့မှာ UPDJC အစည်းအဝေးဆက်လုပ်မယ်။ တတိယနေ့မှာ Signing Ceremony လုပ်မယ်။ ပြီးရင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)ပေါ့၊ ပြီးခဲ့တဲ့ (၈)ကြိမ်မြောက် JICM ကဆုံးဖြတ်လိုက်တာကို (၉)ကြိမ်မြောက်မှာ အတည်ပြုမယ်။ အတည်ပြုပြီးသွားရင် ညီလာခံကို ဆက်သွားမယ်။ UPDJC အစည်းအဝေး ညီလာခံ မတိုင်ခင် (၁) ကြိမ်၊ ညီလာခံကာလအတွင်း (၁)ကြိမ်၊ ပေါင်း (၂)ကြိမ် လုပ်ပါမယ်" ဟုပြောသည်။

**နှစ်ဖက်ညှိနှိုင်း**

ဆက်လက်၍ ဦးဇော်ဌေးက "ယခင်က Deadlock ဖြစ်ခဲ့တဲ့ အနေအထားထက် ပိုပြီးတော့ပျော့ပျောင်းညင်သာတဲ့ ဖြေရှင်းချက်မျိုးကို နှစ်ဖက်ညှိနှိုင်းနေတယ်။ တချို့အပိုင်းတွေမှာလည်း စိုးရိမ်မှုတွေရှိတယ်။ စိုးရိမ်မှုတွေကိုလည်း ဒီနေ့အစည်းအဝေးမှာ ပွင့်ပွင့်လင်းလင်း ပြောခဲ့တယ်။ ဥပမာ လာမယ့် ပြည်ထောင်စုသဘောတူစာချုပ်မှာ ချုပ်ဆိုမယ့် သဘောတူစာချုပ်ရဲ့ အနေအထားက ဘာလဲဆိုတော့ ၂၀၂၀ အလွန်အဆင့်လိုက် သွားမယ့် ပုံစံကအဓိကကျတယ်။ ပြီးရင် အပိုင်း(၃)ဖြစ်တဲ့ Guiding Principle ကလည်း အဓိကကျတယ်။ NCA ကိုအကောင်အထည်ဖော်တဲ့ အခါမှာ ဖြစ်ပွားနေတဲ့ပြဿနာတွေကို ကျော်လွှားဖို့က အပိုင်း(၁) ဖြစ်တယ်။ ဒါကတော့ စာချုပ်ချုပ်ပြီးသွားရင် ရွေးကောက်ပွဲပြီးလို့ နောက်တက်လာမယ့် ဘယ်အစိုးရလက်ထက်မှာပဲ ဖြစ်ဖြစ် ဆက်သွားနိုင်မယ့် Blue Print တစ်ခုရှာသွားမယ်။

ဘယ်အစိုးရပဲတက်တက် ဒီပုံစံနဲ့ အဆင့်လိုက်သွားတဲ့ ပုံစံဖြစ်သွားမယ်။ ဘာကြောင့်လဲဆိုတော့ ပြန်သုံးသပ်တာက ပြီးခဲ့တဲ့ ညီလာခံ (၃)ကြိမ်လုပ်ခဲ့တယ်။ သဘောတူညီချက် ဖက်ဒရယ်မူ၊ အခြေခံမူတွေ (၅၁) ချက်ရတယ်။ သို့သော် ဒီ (၅၁) ချက်က အကောင်အထည်ဖော်လို့ ရပြီလားဆိုတော့ မရသေးဘူး။ သဘောတူ စာချုပ်ထဲမှာတော့ ရှိနေတယ်။ ပြည်ထောင်စုလွှတ်တော်မှာလည်း အတည်ပြုထားပြီးဖြစ်တယ်။ သို့သော် အကောင်အထည်ဖော်ဖို့ ခက်နေတယ်။ သဘောတူညီချက်တွေက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာကဏ္ဍတွေမှာ အပိုင်းလိုက် အပိုင်းလိုက် သဘောတူထားတယ်။ သို့သော် ဒါတွေ အကောင်အထည်ဖော်ဖို့က အခက်အခဲရှိတယ်။ မပြည့်စုံသေးတဲ့ သဘောတူညီချက်တွေ ဖြစ်နေတယ်။ ဒါကြောင့် အခုလုပ်တဲ့ ပြည်ထောင်စုသဘောတူစာချုပ်က လုပ်ငန်းစဉ်တစ်ခုချလိုက်ပြီ။ အဲဒီပေါ်မှာညှိနှိုင်းပြီးတော့ အဆင့်သုံးဆင့်နဲ့သွားမယ်။ ဟိုဘက်က Phase သုံးခုနဲ့ ကျွန်တော်တို့သွားမယ်။

သဘောတူညီချက်တစ်ခုရလိုက်ပြီဆိုရင် ကျွန်တော်တို့က technically ဆက်ဆွေးနွေးရမှာဖြစ်ပါတယ်။ ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာ ဆွေးနွေးမယ်။ သဘောတူညီချက်ရတာနဲ့ အကောင်ထည်ဖော်သွားမယ်။ ဆိုလိုတာက ဖက်ဒရယ်တည်ဆောက်ရေး၊ ဒီမိုကရေစီ ကူးပြောင်းရေးက လုပ်ငန်းစဉ်တစ်ခု Long Term Process ဖြစ်တယ်။ ဒီ process ကို တဖြည်းဖြည်းချင်း တစ်ဆင့်ပြီးတစ်ဆင့် သွားရမယ်ဆိုတာကို အားလုံးကလက်ခံတယ်။ ချက်ချင်းကြီးနေ့ချင်း၊ ညချင်းမှာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ခိုင်မာတဲ့အဆင့်တော့ ရောက်ဖို့မလွယ်ဘူး။ ကျွန်တော်တို့ တဖြည်းဖြည်းချင်းသွားရမယ်။ ဒါကလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို တစ်ဆင့်ပြီး တစ်ဆင့်ပြင်သွားတဲ့ပုံစံဖြစ်ပြီး ပြင်ရင်းနဲ့ ပြည်နယ်တွေမှာ အခြေခံဥပဒေတွေ ရေးဆွဲခွင့်ရလာမယ်။ အဲဒီအပိုင်းမှာလည်း ဆက်ပြီး ဆွေးနွေးရင်းနဲ့ တစ်ဖက်ကလည်း နိုင်ငံရေးအပိုင်း၊ တစ်ဖက်ကလည်းလုံခြုံရေးအပိုင်းဆိုပြီး ဒီလိုဟန်ချက်ညီသွားဖို့ လိုတယ်။ အဲဒီတော့ ကျွန်တော်တို့ မျှော်မှန်းတာက ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်၊ အဆင့်လိုက်အကောင်အထည်ဖော်မှုက ရွေးကောက်ပွဲပြီးတဲ့နောက် ဘယ်အစိုးရ တက်လာတက်လာ အသင့်ရှိနေတယ်။ ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားနိုင်တယ်။ တစ်ဆင့်ပြီး တစ်ဆင့်လည်း သွားနိုင်မယ့်ပုံစံလေးကို ကျွန်တော်တို့ နှစ်ဖက်က ကြိုးပမ်းနေတာဖြစ်တယ်" ဟုပြောသည်။

**သတင်း- မျိုးမြင့်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ-ထိုက်ကြီး**

# စားသုံးသူကာကွယ်ရေး အသိပညာများကို ကျောင်းနေအရွယ်မှစ၍ သင်ကြားပေးမည်

**နိုင်ဦး(DOCA)**

- **၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစ၍ အခြေခံပညာကျောင်းသုံး စာအုပ်များ၌ စားသုံးသူအသိပညာပေးရေး ဘဝတွက်တာ ကျွမ်းကျင်စရာ ပြဋ္ဌာန်းစာအုပ်များနှင့် ကျောင်းသား ကျောင်းသူ လူငယ်များကို သင်ကြားတော့မည်**
- **ထိုအခါ လူတိုင်းလူတိုင်း စားသုံးသူတိုင်း စားသုံးသူအခွင့်အရေး များအတိုင်း ရရှိခံစားနိုင်တော့မည်၊ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ ပါက ကုစားဖြေရှင်းပေးနိုင်မည့် နည်းလမ်းများကို သိရှိကြ တော့မည်**

ကျွန်တော် ဖြတ်သန်းခဲ့ရသော ဘဝတစ်လျှောက်လုံးတွင် အခက်အခဲတော်တော်များများ ကြုံတွေ့ခဲ့ရသော်လည်း ဖြေရှင်းနိုင်ခဲ့သည်သာ ဖြစ်သည်။ သို့သော် တချို့ကလေးငယ်များ မေးမြန်းခဲ့သော မေးခွန်းအချို့ကိုမူ မဖြေနိုင်ခဲ့၍ စိတ်မကောင်းဖြစ်ခဲ့ရသည်။ သူတို့တွေ မေးသည့် မေးခွန်းအချို့ကတော့ "ဆန်စေ့လေးတွေကို လူတစ်ယောက် တစ်စေ့စားရင် ဝနိုင်တဲ့အထိ အကြီးကြီး ဖြစ်အောင် ဘာလို့ မလုပ်ကြတာလဲတဲ့၊ လက်ရှိ ဆန်စေ့လေးတွေကို တစ်စေ့စားရင်ဝနိုင်အောင် လူတွေကို သေးသေးလေး လုပ်ရမယ့်အစား ဘာဖြစ်လို့ အများကြီး စားတဲ့လူကြီးကြီးတွေ ဖြစ်နေတာလဲတဲ့၊ ပြီးတော့ မြန်မာနိုင်ငံက ငွေကလည်း စက္ကူ၊ အမေရိကန်နိုင်ငံက ငွေကလည်း စက္ကူ ဘာဖြစ်လို့ အမေရိကန်နိုင်ငံငွေက ကမ္ဘာသုံးဖြစ်နေတာလဲတဲ့၊ ကမ္ဘာပေါ်မှာ လူမျိုးစုပေါင်း ၇၀၀၀ ကျော်၊ ဘာသာစကားပေါင်း ၄၂၀၀ ကျော်ရှိနေတဲ့ အထဲက အင်္ဂလိပ်ဘာသာစကားက ဘာဖြစ်လို့ ကမ္ဘာသုံး ဖြစ်နေတာလဲတဲ့၊ ပြီးတော့ ခွင့်မပြု ဓာတုဆေးဝါးတွေ၊ စံမမီပစ္စည်းတွေကို သုံးထားတာတွေကို စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စတွေအတွက် သုံးစွဲတော့ သေဆုံးသွားမှာ၊ ထိခိုက်ဒဏ်ရာရသွားမှာ၊ ဒုက္ခိတဖြစ်သွားမှာ၊ ရောဂါရသွားမှာ၊ နစ်နာဆုံးရှုံးမှုတွေ ကြုံရမှာတွေကို သိသိကြီးနဲ့ ဘာလို့ဝယ်ယူသုံးစွဲနေကြတာလဲတဲ့" စသည်ဖြင့် မေးမြန်းခံရသည့်အခါမှာတော့ ကျွန်တော် ချေးပြန်ခဲ့ဖူးပါသည်။

ကလေးငယ်လေးများ နားလည်လောက်အောင် စပါးစေ့ကို ကမ္ဘာဦး သလေးစပါးကစ၍ ကြီးအောင်လုပ်လို့မရကြောင်း၊ လူသားများကိုလည်း အာဒံနှင့်ဧဝက ဖြစ်စေ၊ ဗြဟ္မာတွေကဖြစ်စေ၊ မျောက်ကဖြစ်စေ သဘာဝအတိုင်း ဆင်းသက်လာသည်ဖြစ်၍ သေး၍ မရကြောင်း၊ နိုင်ငံတကာသုံးငွေကြေး၊ ဘာသာစကားများကိုလည်း နိုင်ငံအများစု၏ သဘောတူညီချက်နှင့် လုပ်ခြင်းဖြစ်ကြောင်း၊ စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စများ ဆောင်ရွက်ရာတွင် စံမမီပစ္စည်းများ၊ ခွင့်မပြုဓာတုဆေးများသုံးစွဲပြီး ထုတ်လုပ်ရောင်းချသည်များကို မသိ၍ ဝယ်ယူသုံးစွဲမိသဖြင့် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရခြင်း ဖြစ်ကြောင်း၊ ဤကဲ့သို့ မဖြစ်အောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာနက စားသုံးသူကာကွယ်ရေး ဥပဒေ (၂၀၁၉) ကို ပြဋ္ဌာန်းကာ စားသုံးသူများ၏ အခွင့်အရေးများ အပြည့်အဝရရှိရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လုပ်ငန်းရှင်များဘက်ကလည်း ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ နိုင်ငံတကာ သတ်မှတ်ချက်များနှင့် ကိုက်ညီရန် ထုတ်လုပ်ဖြန့်ဖြူးရောင်းချစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းပြရသည်။

**မကြားဖူးသော ရောဂါများ၊**
**ဖြစ်ရပ်ဆန်းများ ပေါ်ပေါက်**

ကမ္ဘာပေါ်တွင် နေ့စဉ် လူ ငါးသောင်းကျော် သေဆုံးလျက်ရှိရာတွင်လည်း သမားရိုးကျ သက်တမ်းစေ့သေဆုံးမှု၊ စစ်ပွဲ၊ အဓိကရုဏ်းများကြောင့် သေဆုံးမှုများထက် လူတို့၏ နေထိုင်စားသောက်မှုပုံစံများကြောင့် ၈၅ ရာခိုင်နှုန်း ပါဝင်နေကြောင်း မီဒီယာများတွင် ပညာရှင်များက ထောက်ပြရေးသားကြသည်ကို ဖတ်ရှုရသည်။ ယနေ့ခေတ်တွင် ကမ္ဘာကြီးသည် ရွာကြီးပမာ ဖြစ်လာသဖြင့် ကမ္ဘာအရပ်ရပ်မှ ဖြစ်ပေါ်နေသော သတင်းအချက်အလက်များကို အချိန်တိုအတွင်း သိရှိလာကြသည်။ အလုပ်များများ လုပ်နေကြရသည်။ ဘဝနေထိုင်မှုအတွက် အလွန်အရေးကြီးသည့် နေ့စဉ်နေထိုင်စားသောက်ရန် လိုအပ်သော လူသုံး၊ အိမ်သုံး ဝန်ဆောင်မှုများကို ရွေးချယ်ရယူသုံးစွဲရန် အချိန်မပေးကြ၊ အရန်သင့်စားသောက်ကုန်ပစ္စည်းများ၊ အမြင်လှလှ အသွင်ကြွကြွ ထုပ်ပိုးထားသောပစ္စည်းများကို အလွယ်တကူ ရယူသုံးစွဲနေကြသည်။ ထို့ကြောင့် မကြားဖူးသော ရောဂါများ၊ ဖြစ်ရပ်ဆန်းများ ပေါ်ပေါက်နေခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူ့စွမ်းအားအရင်းအမြစ်များ မဆုံးရှုံးစေရေး၊ နိုင်ငံသူ နိုင်ငံသားများ သက်တမ်းစေ့ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေး၊ မိမိနိုင်ငံသို့ တင်သွင်းသော၊ မိမိနိုင်ငံမှတင်ပို့သော လူသုံး၊ အိမ်သုံးပစ္စည်းများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိရေးအတွက် အရေးကြီးတာဝန်တစ်ရပ်အဖြစ် သဘောထားကာ အလေးထား ဆောင်ရွက်လျက်ရှိသည်။ မိမိနိုင်ငံ၊ မိမိနိုင်ငံသားများသာမက မိမိနိုင်ငံမှ တင်ပို့သောပစ္စည်းများကို ရယူသုံးစွဲနေကြသည့် အခြားနိုင်ငံများရှိ နိုင်ငံသားများ ဘေးကင်းရေးအတွက်ပါ အလေးထားဆောင်ရွက်နေကြသည်ကို ဝမ်းသာဖွယ် သိရှိရသည်။

**မြန်မာနိုင်ငံတစ်ဝန်းလုံးလွှမ်းခြုံကာ ဆောင်ရွက်**

မြန်မာနိုင်ငံတွင်လည်း ပြည်သူများအား စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော လူသုံးအိမ်သုံးဝန်ဆောင်မှုများ ရယူသုံးစွဲစားသုံးနိုင်ရေးတို့အတွက် စားသုံးသူကာကွယ်ရေး ဥပဒေ(၂၀၁၉)ကို ပြဋ္ဌာန်းကာ စားသုံးသူပြည်သူများ၊ လုပ်ငန်းရှင်များအား ဟောပြောဆွေးနွေးခြင်း၊ စစ်ဆေးပညာပေးခြင်း၊ သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းကာ အရေးယူဆောင်ရွက်ခြင်းများအား မြန်မာနိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံကာ ဆောင်ရွက်လျက်ရှိပါသည်။

သို့သော် ဆွမ်းဆန်ထဲ ကြွက်ချေးရောဆိုသလို တချို့သော စားသုံးသူများသည် အလေးမထား ပုံမှန်အတိုင်း အန္တရာယ်မကင်းသော လူသုံး၊အိမ်သုံးဝန်ဆောင်မှုများကို ရယူသုံးစွဲနေလျက်ရှိကြသဖြင့် သေဆုံးခြင်း၊ ဆေးရုံဆေးခန်းရောက်ခြင်းများ ကြုံတွေ့လျက်ရှိနေသည်ကို မီဒီယာများတွင် နေ့စဉ်လိုလို ကြားသိနေရသည်။ အလားတူပင် လုပ်ငန်းရှင်အချို့သည်လည်း ဝိသမလောဘကို အခြေခံ၍ မိမိကိုယ်ကျိုးအတွက် ဦးတည်ကာ တရားမဝင်အန္တရာယ်ရှိ လူသုံးအိမ်သုံး ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေဆဲ၊ ထုတ်လုပ်နေဆဲပင် ဖြစ်သည်ကို ဝမ်းနည်းဖွယ်တွေ့ရှိနေဆဲပင် ဖြစ်သည်။ အဆိုပါ စားသုံးသူရော လုပ်ငန်းရှင်များပါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေပြီး အမျိုးသားရေးတာဝန်တစ်ရပ်ကို မျက်ကွယ်ပြုထားသူများ ဖြစ်ကြသည်။ နိုင်ငံသူနိုင်ငံသားများ အားလုံးက မိမိကိုယ်တိုင်၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံ ကျန်းမာပျော်ရွှင် ဖွံ့ဖြိုးတိုးတက်သော လောကသစ်တစ်ရပ်ကို လျင်မြန်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ပေးမှ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိပတ်ဝန်းကျင် ကျန်းမာပျော်ရွှင်ရေး၊ ဘေးဥပဒ်အန္တရာယ်ရှိသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော လူသုံးအိမ်သုံးဝန်ဆောင်မှုလုပ်ငန်းများအား ရယူသုံးစွဲ စားသုံးမှုမပြုရေး၊ လူသားကမ္ဘာ ရေရှည်တည်တံ့ရေး၊ မျိုးဆက်သစ်များသို့ ကောင်းမွန်သော အမွေများ ပေးနိုင်ရေးတို့အတွက် ကောင်းမွန်သော နေထိုင်စားသောက်မှုပုံစံများသို့ ပြောင်းလဲပေးရန် လိုအပ်ပါသည်။

စားသုံးသူကာကွယ်ရေး လုပ်ငန်းစဉ်များသည် တိမ်မယောင်နှင့် နက်၊ လွယ်မယောင်နှင့် ခက်လှသည်။ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များသာမက နိုင်ငံသားတစ်ဦးချင်းစီမှ စားသုံးသူများရရှိမည့် အခွင့်အရေးများ၊ လုပ်ငန်းရှင်များ လိုက်နာရမည့်အချက်များ၊ တာဝန်ယူမှုတာဝန်ခံမှုကိစ္စများ၊ ကုစားဖြေရှင်းပေးနိုင်မည့်နည်းလမ်းများကိုသိရှိပြီး လိုက်နာဆောင်ရွက်မှသာ အောင်မြင်နိုင်မည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ အထူးသဖြင့် နောင်တစ်ချိန် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း တာဝန်ယူထမ်းဆောင်ကြရမည့်လူငယ်များကို ငယ်စဉ်ကတည်းက စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်သော အသိပညာများကို ဖြန့်ဝေပေးသင့်ပါသည်။ ယခုအခါတွင်မူ ဝမ်းသာကျေနပ်စရာအဖြစ် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစ၍ အခြေခံပညာကျောင်းသုံးစာအုပ်များ၌ စားသုံးသူအသိပညာပေးရေး ဘဝတွက်တာ ကျွမ်းကျင်စရာ ပြဋ္ဌာန်းစာအုပ်များနှင့် ကျောင်းသားကျောင်းသူလူငယ်များကို သင်ကြားတော့မည် ဖြစ်ပါသည်။

သို့သော် လွယ်လွယ်တော့ မဟုတ်ခဲ့ပေ၊ သက်ဆိုင်ရာဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စေတနာထားအရှည်မြော်တွေး ဆောင်ရွက်မှုများကြောင့်၊ စိတ်ဝင်တစားဖြင့် ကြံဆဆောင်ရွက်မှုများကြောင့် ဖြစ်ပါသည်။ ထိုသို့ ပြဋ္ဌာန်းသင်ကြားပေးနိုင်ရေးအတွက် အချိန်များစွာယူခဲ့ကြရသည်။ ငွေကြေးများစွာ သုံးစွဲခဲ့ရသည် အနာဂတ်အတွက် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုတစ်ခုပင် ဖြစ်ပါသည်။

**တဖြည်းဖြည်း ပျောက်ကွက်သွားမည်ဖြစ်**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမအကြိမ် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစည်းအဝေးတွင် ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းက စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ အောင်မြင်စေရန်အတွက် နိုင်ငံသားများအား စားသုံးသူပညာပေးရေး (Comsumer Education) ဘာသာရပ် သင်ကြားပေးခြင်းဖြင့် စားသုံးသူ အသိပညာမြင့်မားလာပြီး ရွေးချယ်ဝယ်ယူစားသုံးလာကြခြင်းကြောင့် အန္တရာယ်ရှိသော အစားအစာ၊ ဆေးဝါးအတုများနှင့် ညံ့ဖျင်းသော ဝန်ဆောင်မှုများ ဈေးကွက်အတွင်းမှ အလိုအလျောက် တဖြည်းဖြည်း ပျောက်ကွက်သွားမည် ဖြစ်ရာ စားသုံးသူပညာပေးရေး ဘာသာရပ်ကို အခြေခံပညာသင်ရိုးညွှန်းတမ်းမှစ၍ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ကျယ်ကျယ်ပြန့်ပြန့် အကြံပြုဆွေးနွေးတင်ပြခဲ့ကြပါသည်။

ထိုသို့ စားသုံးသူကာကွယ်ရေး လုပ်ငန်းစဉ်များ လိုက်နာဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စေရေးအတွက် ငယ်စဉ်အခါ ပညာသင်ကြားသည့် အရွယ်မှစ၍ အသိပညာပေးရန်အတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၏ အားတက်သရော တင်ပြပေးမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ စိတ်ဝင်တစား ကြိုးစားဆောင်ရွက်ပေးခဲ့မှုများသည် အရာထင်ခဲ့ပြီဖြစ်လေသည်။ အနာဂတ်မျိုးဆက်သစ်များ၊ တိုင်းပြည်၏ လူ့စွမ်းအားအရင်းအမြစ်များအတွက် ကောင်းမွန်သော အမွေပေးခဲ့ရာ ရောက်ခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် စားသုံးသူနှင့်ဆိုင်သော အသိပညာများကို အခြေခံပညာမှစ၍ သင်ခန်းစာအဖြစ် ထည့်သွင်း၊ သင်ကြားပေးနိုင်တော့မည် ဖြစ်၍ ဖြစ်ပါသည်။

**အဓိကအချက်များနှင့် ပြဋ္ဌာန်းထား**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစ၍ ဘဝတွက်တာ ကျွမ်းကျင်စရာ ကျောင်းသုံးစာအုပ်တွင် စားသုံးသူနှင့်ဆိုင်သော အသိပညာအခန်း၌ စားသုံးသူများ ကျန်းမာကြစေဖို့အတွက် ကျန်းမာစေသော အစားအသောက်များကို ဝယ်ယူစားသုံးရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ၊ ကျန်းမာသော စားသုံးသူများ ဖြစ်လာရန် လိုက်နာသင့်သည့်အချက်များ၊ အန္တရာယ်ရှိသော ကုန်စည်ဝန်ဆောင်မှုများကို တွေ့ရှိပါက ဆက်လက်ဆောင်ရွက်သင့်သည့်အချက်များကို ဒသမတန်းအရွယ်လူငယ်များအနေဖြင့် သိသင့်သိထိုက်သော စားသုံးသူကာကွယ်ရေး အသိပညာများကို တိုရှင်းတိကျပြည့်စုံစွာ ဖြစ်စဉ်ဖြစ်ရပ် အဓိကအချက်များနှင့် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ ဤကား အချိန်ယူကာ ဆောင်ရွက်ခဲ့ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ အရှည်မြော်တွေးကာ ဆောင်ရွက်ခြင်းများ၏ ဆုလာဘ်များဟုပင် ဆိုချင်ပါသည်။

သို့ဖြစ်ပါ၍ နောင်အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ကျရာနေရာမှ ပခုံးပြောင်း တာဝန်ယူထမ်းဆောင်ကြမည့် လူငယ်များသည် ကျောင်းနေအရွယ် ကလေးငယ်ဘဝမှစ၍ ပြောပြစရာ မလိုလောက်အောင် စားသုံးသူကာကွယ်ရေး အသိပညာများရရှိတော့မည်၊ လိုက်နာကြတော့မည်။ ထိုအခါ လူတိုင်းလူတိုင်း စားသုံးသူတိုင်း စားသုံးသူအခွင့်အရေးများအတိုင်း ရရှိခံစားနိုင်တော့မည်၊ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ပါက ကုစားဖြေရှင်းပေးနိုင်မည့် နည်းလမ်းများကို သိရှိကြတော့မည်။ ထိုအခါ စီးပွားရေးလုပ်ငန်းရှင်များကလည်း တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်နိုင်တော့မည်။ စားသုံးသူများ စိတ်ကျေနပ်မှုရရှိကာ လုပ်ငန်းရှင်များ ပျော်ရွှင်ရတော့မည်၊ ကျန်းမာဝပြောသော ပတ်ဝန်းကျင်ကောင်းအတွင်း စားသုံးသူရော လုပ်ငန်းရှင်များပါ နေထိုင်ကြရမည်။ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာမည်၊ တီထွင်ကြံဆမှု စွမ်းပကားများ ဖွံ့ဖြိုးလာမည်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် အထောက်အပံ့ပြုလာနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

---

**❒ မလေးရှားနိုင်ငံမှ**

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်ထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်းအထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့အနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

စာအုပ်စာပေ လူ့မိတ်ဆွေ




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**




## ပခုက္ကူမြို့ ကျောက်မိကျောင်း သာသနာဝင်

စာရေးသူ ဒေါက်တာသက်လွင်(အမျိုးသားစာပေဆုရ) စုစည်းဖော်ပြသည့် ပခုက္ကူမြို့ ကျောက်မိကျောင်း သာသနာဝင် စာအုပ် ထွက်ရှိလာသည်။

ကျောက်မိကျောင်းစာသင်တိုက်ကြီးကို စတင်တည်ထောင်ခဲ့သူ အရှင်ရာဇိန္ဒ(ခေါင်းကွဲရွာဇာတိ)သည် ပညာဉာဏ် ထက်မြက်လှသည်။ ကျမ်းစာအုပ်ပေါင်း ၅၀ ကျော်ကို ရေးသားစီရင်ခဲ့သည်။ ဆရာတော် ဦးဥတ္တမ(ယာကြီးပြင်ရွာဇာတိ)နှင့်ပေါင်းပြီး ကျောက်မိကျောင်းစာသင်တိုက်ကို တည်ထောင်ခဲ့ကြသည်။ နောက်ပိုင်းတွင် စစ်ကိုင်းတောင်ရိုးသို့ ပြောင်းရွှေ့သီတင်းသုံးခဲ့ကြသည်။ ပရိယတ္တိစာသင်တိုက်အစ ကျောက်မိကျောင်းက ဖြစ်သည်။ ပခုက္ကူသာသနာအစ ကျောက်မိကျောင်းကသာ ဟု ဆိုချင်ပါကြောင်း စာရေးသူက ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ အမှတ်-၂၉၆ ၁/အနော်မာ(၇)လမ်း သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉- ၇၉၈၁၈၉၁၄၈နှင့် ၀၉-၇၇၇၁၃၉၄၇၇ တို့မှ ဖြန့်ချိသည်။



## ပုဂံဂူဘုရားများထဲမှ ဗုဒ္ဓဂုဏ်ရည် ဆေးပန်းချီ

စာရေးသူ ရေနံ့သာဝင်းမောင်(ပုဂံချစ်သူ) စီစဉ်ရေးသားသည့် ပုဂံဂူဘုရားများထဲမှ ဗုဒ္ဓဂုဏ်ရည် ဆေးပန်းချီစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နံရံဆေးရေးပန်းချီများ ပျက်စီးရခြင်းအကြောင်း၊ ပန်းချီရေးဆွဲသောနေရာနှင့် ရေးဆွဲသောအကြောင်းအရာများ၊ မဟာယန ဆိုင်ရာ ပန်းချီများ၊ ပုဂံနံရံဆေးရေးပန်းချီများ၏ မူလအခြေခံနှင့် မိတ်ဆက်ခြင်း၊ ပန်းချီရေးဆွဲရန် နေရာများလျာထားခြင်း၊ ပန်းချီရေးဆွဲပုံအဆင့်ဆင့်၊ ပန်းချီရေးဆွဲလှူဒါန်းရခြင်း ရည်ရွယ်ချက်၊ ပုဂံနံရံပန်းချီပုံများ၊ ဆေးရောင်ရရှိမှုနှင့် သုံးစွဲမှု၊ ဆေးရောင်ချုပ်နည်း စသည့်အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကို မြန်မာပြည်သားစာပေ အမှတ်-၄၈၃ လောပိတလမ်း (၃၄) ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၄၂၀၀၉၅၆၅၅မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။



## တိုင်းပြည်တည်ဆောက်ခြင်းအနုပညာ အတွေးဒဿန စာစုများ

လွင်သူဦး ရေးသားသည့် တိုင်းပြည်တည်ဆောက်ခြင်းအနုပညာ အတွေးဒဿနစာစုများစာအုပ် ပထမအကြိမ်အဖြစ် ထွက်ရှိလာသည်။

ယခုထွက်ရှိလာသော စာအုပ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရန် တွန်းအားပေး ရေးသားထားသည့်စာစုများ ပါဝင်သည့်အတွက် ဖတ်ရှုသင့်သော စာအုပ် တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မေသွယ်ခိုင်(၀၀၄၄၅) လင်းသန့်စာပေ ဖုန်း-၀၉-၂၅၈၅၅၅၅၁၀ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။



## အတွေးအမြင်စာဘုရင်

စာရေးသူ ဆင်ဖြူကျွန်းအောင်သိန်း စီစဉ်ရေးသားသည့် အတွေးအမြင် စာဘုရင်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အညောင်းဖြေအားတိုး ကစားမျိုးကျမ်း၊ မြန်မာ့ရိုးရာ ကစားနည်းငါးဆယ်၊ ခက်စည်လန်းရွှင် ဝေစေချင်၊ ရှေးကျသောတက်ကျမ်းတစ်ကျမ်း၊ သူ့ကိုချစ်မှ သူကချစ်လိမ့်မည်၊ ကျန်စစ်သားပါသော ဇာတ်လမ်းများ၊ မြန်မာမိသားစု ထမင်းဝိုင်း၊ သာချင်းမှ စတင်စီးဆင်းသော အလျဉ်၊ သသေမိယဟူသည်၊ စနည်းတဘောင် ကြက်ရိုးထိုး၊ ဗုဒ္ဓဝင်ဖွားတော်မူခန်း စသည့် အကြောင်းအရာ ၂၀ကျော်ကိုရေးသားထားသည်။

စာအုပ်ကို Renaissance Publishing House အမှတ် (၁၀၅၀) ၇-ဈေးလမ်း ၇-အရှေ့ရပ်ကွက် သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉- ၂၅၀၁၂၂၉၃၈ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။



# တောင်ငူ၌ မဲဆန္ဒရှင်အသိပညာပေး နည်းပြသင်တန်းဖွင့်

**တောင်ငူ ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI)က စီစဉ်ကျင်းပသည့် ပထမအကြိမ် မသန်စွမ်းသူများ၊ လူငယ်များအတွက် မဲဆန္ဒရှင် အသိပညာပေး နည်းပြသင်တန်း ဖွင့်ပွဲကို တောင်ငူမြို့ ငွေဆောင်ဟိုတယ် ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ တောင်ငူမြို့နယ် ရွေးကောက်ပွဲကော်မရှင် (အဖွဲ့ခွဲ)ဥက္ကဋ္ဌ ဦးစံလှနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI)၏ Head of Operation ဒေါ်ယုယုဆွေတို့က သင်တန်းဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းတွင် ဒီမိုကရေစီ၏ အခြေခံသဘောတရားများ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ရွေးကောက်ပွဲစက်ဝန်းနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၊ အားလုံးအကျုံးဝင်သော ရွေးကောက်ပွဲ၊ ဆန္ဒမဲပေးခြင်း လက်တွေ့သရုပ်ပြအစီအစဉ်နှင့် ရွေးကောက်ပွဲနှင့် သတင်းအမှား/အမှန် ဆန်းစစ်ခြင်း သင်ခန်းစာများကို ပို့ချဆွေးနွေးသွားမည်ဖြစ်သည်။ သင်တန်းသို့ ရမည်းသင်းမြို့၊ ကြို့ပင်ကောက်မြို့၊ ကျောက်ကြီးမြို့၊ အုတ်တွင်းမြို့နှင့် တောင်ငူမြို့တို့မှ မသန်စွမ်းရှေ့ဆောင်အဖွဲ့ဝင်များနှင့် တောင်ငူမြို့တွင်းရှိ လူငယ်သင်တန်းသား ၂၀ တက်ရောက်ကြပြီး ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးကျော်လှ(တောင်ငူ)**

# စမုန်နက်နှမ်းနှင့် နှမ်းဖြူဈေးနှုန်းများ မန္တလေးဈေးကွက်အတွင်း သိသာစွာမြင့်တက်



**မန္တလေး ဩဂုတ် ၅**

မြန်မာ့ထွက်ကုန်သီးနှံ နှမ်းအမျိုးအစားများအနက် စမုန်နက်နှမ်းနှင့် နှမ်းဖြူဈေးနှုန်းများမှာ ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံ၏ ဝယ်လိုအားကောင်းမွန်လာမှုကြောင့် မန္တလေးဈေးကွက်တွင် ဈေးနှုန်းများ သိသာစွာမြင့်တက်လာကြောင်း မန္တလေးမြို့ ပဲကုန်သည်များထံမှ သိရသည်။

မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နှမ်းအထွက်နှုန်းနည်းပါးသည့်အပြင် တရုတ်နိုင်ငံ၏ ဝယ်လိုအား ကောင်းမွန်လာမှုကြောင့် ယခုကဲ့သို့ ဈေးနှုန်းများ သိသာစွာမြင့်တက်လာခြင်းဖြစ်ကြောင်း မန္တလေးမြို့ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)မှ သိရသည်။

### မြင့်တက်

"ပြည်တွင်းကထွက်တဲ့နှမ်းတွေကို ထွက်သလောက် တရုတ်နိုင်ငံဈေးကွက်မှာ ရောင်းချနေရပါတယ်။ ဈေးနှုန်းတော့ အတက်အကျရှိတာပေါ့။ ဒီနှစ်ပြည်တွင်းမှာ မိုးခေါင်တဲ့အတွက် နှမ်းစိုက်ခင်းတွေ ဖြစ်ထွန်းမှုနည်းပါးတဲ့အချိန်မှာ တရုတ်နိုင်ငံကလည်း သူတို့ဈေးကွက်ရဲ့ လိုအပ်ချက်အရ ဝယ်လိုအား ရုတ်တရက်ကောင်းလာတဲ့အတွက် ဇူလိုင်လနောက်ဆုံးပတ်က နေစပြီး အခုလို နှမ်းဈေးနှုန်းတွေ တရိပ်ရိပ် မြင့်တက်လာတာပါ။ အထူးသဖြင့် စမုန်နက်နှမ်းနဲ့ ရိုးရိုးနှမ်းဖြူဈေးတွေက သိသိသာသာကို မြင့်တက်လာတာ တွေ့ရတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိ မန္တလေးဈေးကွက်အတွင်း၌ ယခင်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀ နှုန်းရှိသော စမုန်နက်နှမ်းမှာ ယခုရက်ပိုင်းတွင် ငွေကျပ် ၂၀၅၀၀၀ အထိလည်းကောင်း၊ ရိုးရိုးနှမ်းဖြူဈေးနှုန်းမှာ ယခင်က ငွေကျပ် ၁၀၀၀၀၀ မှ ယခုငွေကျပ် ၁၃၂၀၀၀ အထိလည်းကောင်း၊ ဂျပန်နှမ်းဖြူဈေးနှုန်းမှာ ယခင်ငွေကျပ် ၁၂၅၀၀၀ မှ ယခုငွေကျပ် ၁၃၈၀၀၀ နှုန်းအထိ ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပုဗ္ဗသီရိမြို့နယ်၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ဝါးလက်မှုပညာ အခြေခံသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၅**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာ ဓမ္မမဏ္ဍိုင် ဘုန်းတော်ကြီးကျောင်း၌ ဝါးလက်မှုပညာအခြေခံသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင် တက်ရောက်အမှာစကား ပြောကြားသည်။

"သင်တန်းမှာ ဝါးနဲ့ ပြုလုပ်တဲ့ ဆန်ကော၊ ဆန်ခါ၊ တိုင်ကပ်နာရီ သုံးမျိုးကို လက်တွေ့သင်ကြားပို့ချပေးသွားမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါရဲ့ စီးပွားရေးအပေါ် ထိခိုက်မှုသက်သာရေးစီမံချက်(CERP)နဲ့ ဖွင့်လှစ်တဲ့ သင်တန်းဖြစ်တဲ့ အတွက်ကြောင့် သင်တန်းသား သင်တန်းသူတွေအနေနဲ့ ဝါးနဲ့ပြုလုပ်တဲ့ ထုတ်ကုန်တွေကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မှာဖြစ်ပြီး သင်တန်းပြီးဆုံးတဲ့အခါမှာလည်း တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိစေမှာ ဖြစ်ပါတယ်။ ဈေးကွက်ရရှိရေးအတွက်လည်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းနဲ့ချိတ်ဆက်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သင်တန်းသား သင်တန်းသူတွေကို တစ်ဦးလျှင် တစ်နေ့ ငွေကျပ် ၄၀၀၀ ထောက်ပံ့ပေးပါတယ်"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးကျော်ဇင်ထွန်းက ပြောသည်။

"ကျွန်မတို့ရွာက တစ်ရွာလုံးမှာရှိတဲ့ အိမ်ထောင်စုတွေက ဖျာကို ရက်လုပ်ကြပါတယ်။ ကိုဗစ်ကာလမှာ ဖျာဈေးက ထက်ဝက်ကျလာတော့ မိသားစုဝင်ငွေတွေလျော့နည်းပြီး အဆင်မပြေဖြစ်နေတဲ့အချိန်မျိုးမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနဲ့ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းတို့က ဒီသင်တန်းလေးပေးတဲ့အတွက် ဝမ်းသာမိပါတယ်။ သင်တန်းသား ၂၅ ဦး အားလုံး ၁၁ ရက်တာထောက်ပံ့ကြေးနဲ့ သင်တန်းဆင်းတဲ့အခါအသုံးပြုဖို့ ထောက်ပံ့ပစ္စည်းတွေအပြင် သင်တန်းဆင်းလက်မှတ်လည်း ပေးအပ်သွားမယ်လို့ သိရတဲ့အတွက်



ဝမ်းသာမိပါတယ်"ဟု ကျောက်စရစ်ကုန်းကျေးရွာ သင်တန်းသူ မချိုမာဝင်းက ပြောသည်။

အဆိုပါသင်တန်းကို သင်တန်းဆရာ နှစ်ဦးဖြင့် ဩဂုတ် ၅ ရက်မှ ၁၅ ရက် အထိ ၁၁ ရက်ကြာသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သင်တန်းအကြိမ် ၃၀၀ ဖြင့် အခြေခံပြည်သူ ၉၀၀၀ ကို အသေးစား လူသုံးကုန်ပစ္စည်းများ၊ ရက်ကန်း၊ လျှပ်စစ်၊ ဝါး၊ အုန်းနှင့်ပတ်သက်သည့် အခြေခံသင်တန်းများ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း၊ ဟိန်းထက်ဇော်**

## မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန် စာအုပ်မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ရေးသားပြုစုခဲ့သော မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန် စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)က အဆိုပါစာအုပ်ထုတ်ဝေရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ယင်းနောက် စာအုပ်နှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခြင်း အစီအစဉ်ကို ပြုလုပ်ခဲ့ပြီး ဒေါ်အိအိတိုးလွင် (ရွေးကောက်ပွဲဆိုင်ရာ သတင်းထောက်ချုပ်၊ Frontier Myanmar)က မေးမြန်းကာ ဦးကျော်စွာမင်း(D.မင်း) (အတွင်းရေးမှူး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ) နှင့် ဦးမြင့်ကျော် (တွဲဖက်အတွင်းရေးမှူး-၁၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ)တို့က ဖြေကြားခဲ့သည်။

မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်စာအုပ်ကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံးခန်းတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး နယ်သတင်းသမားများထံသို့လည်း ပို့ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းလမ်းညွှန်စာအုပ် မှာ ၂၀၁၅ ခုနှစ်က ထွက်ရှိခဲ့သည့် သတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်မှ အကြောင်းအရာများကို ထပ်မံဖြည့်စွက်ပြင်ဆင်ပြီး ၂၀၁၄ ခုနှစ် မေလတွင် ထုတ်ပြန်ခဲ့သည့်သတင်းမီဒီယာ ကျင့်ဝတ်များအပေါ်တွင် အခြေခံပြုစုရေးသားထားခြင်းဖြစ်ကြောင်း သိရသည်။

**D . မင်း**









## ပန်းထိမ် အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် ဩဂုတ် ၅**

မြန်မာ့ယဉ်ကျေးမှု သုခုမ အနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များအကြား ပိုမိုသိရှိ အလေးထားစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သုခုမအနုပညာ ပန်းဆယ်မျိုးတွင် အပါအဝင်ဖြစ်သော **ပန်းထိမ်အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) တစ်မျိုး**အား ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက် မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် ဒုတိယ ဝါဆိုလဆုတ် ၄ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဩဂုတ် ၇ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover)များပေါ်တွင် နေ့စွဲ အမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော ရုပ်လုံးကြွ ဒီဇိုင်းကတ်တို့အား တစ်ပါတည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်လေးပင်မြို့နယ်၌ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအား အမြန်ပြုပြင်ဆောင်ရွက်

**ညောင်လေးပင် ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့နှင့် တော်ဝိကျေးရွာကြားတွင် ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး မီးရထားလမ်းပိုင်းအား ယနေ့ အမြန်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေး မီးရထားလမ်း မိုင်တိုင်အမှတ် (၉၈/၄ နှင့် ၅)ကြားရှိ တံတားအမှတ် ၁၃၆ ၏ တစ်ဖက်တစ်ချက်စီတွင် ယမန်နေ့ နံနက် ၈ နာရီခန့်က ရေကျော်တိုက်စားကာ ရန်ကုန်ဘက်ခြမ်းတွင် အလျား ၃၅ ပေ၊ အမြင့် ၆ ပေနှင့် မန္တလေးဘက်ခြမ်းတွင် အလျား ၂၃ ပေ အမြင့် ၆ ပေ မြေသားများ မျောပါသွားခဲ့သည်။

မီးရထားလမ်းပြုပြင်နေမှုနှင့်ပတ်သက်၍ မြန်မာ့မီးရထား တိုင်းအမှတ်(၆)မှ အင်ဂျင်နီယာမှူး(မြို့ပြ) ဦးအောင်အောင်ထွန်းက "ကျွန်တော်တို့ ဖြစ်တဲ့အချိန်ကတည်းက ရထားလမ်းခေတ္တပိတ်ပြီး ဆောက်ရွက်နေတာပါ။ မန္တလေးထုံးဖိုမှ ကျောက်ရထားနှစ်စင်း၊ သိမ်ဇရပ်မှ ကျောက်ရထားတစ်စင်း၊ ကျောက်ရထားသုံးစင်း အဆင်သင့်ရောက်နေပါပြီ။ ရေကျတာနဲ့ ကျောက်ချပြီးတော့ လမ်းပိုင်းကို ခုညဆယ်နာရီလောက်ဖွင့်နိုင်အောင် ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။



အဆိုပါ မီးရထားလမ်းပြုပြင်နေမှုအား မြန်မာ့မီးရထား နေပြည်တော်ရုံးချုပ်မှ သွားလာရေးဌာန၊ စစ်ဆေးရေးဌာနနှင့် မြို့ပြဌာနတို့မှ အထွေထွေမန်နေဂျာများ ကြီးကြပ်လျက် မြန်မာ့မီးရထား တိုင်းအမှတ်(၆)မှ အင်ဂျင်နီယာမှူး(မြို့ပြ) ဦးအောင်အောင်ထွန်း ဦးဆောင်၍ မြန်မာ့မီးရထားဝန်ထမ်း ၆၀ နှင့် နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင် ၃၃ ဦးတို့က ဆောင်ရွက်လျက်ရှိပြီး အဆိုပါမီးရထားလမ်းပိုင်း ဆောင်ရွက်နေစဉ်ကာလအတွင်း အမှတ်(၃)အဆန်၊ အမှတ်(၅)အဆန်နှင့် အမှတ်(၄)အစုန်၊ အမှတ်(၆)အစုန် ရထားများ ယာယီရပ်နားထားကြောင်း သိရသည်။

**သက်လွင် (ညောင်လေးပင်)**



## ရွှေညောင်မြို့၌ ရေနစ်မြုပ်မှုကြုံတွေ့ခဲ့သည့် ပြည်သူများအား စားသောက်ကုန်များ ထောက်ပံ့

**ရွှေညောင် ဩဂုတ် ၅**

တောင်ကြီးမြို့နယ် ရွှေညောင်မြို့ရှိ တာယောချောင်းရေမြင့်တက်၍ ရပ်ကွက်အချို့တွင် ရေဝင်ရောက်နစ်မြုပ်မှု ကြုံတွေ့ခဲ့ရသည့်ပြည်သူများအား ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီက ယနေ့မွန်းလွဲ ၂ နာရီတွင် စားသောက်ကုန်များ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့ သွားရောက်ထောက်ပံ့လှူဒါန်းရာသို့ ရှမ်းပြည်နယ်ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ နာယက၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် ကော်မတီမှ တာဝန်ရှိသူများ၊ ရွှေညောင်မြို့အုပ်ချုပ်ရေးမှူးနှင့် ပရဟိတအဖွဲ့ဝင်များက ရေဝင်ရောက်နစ်မြုပ်ခြင်းကြုံတွေ့ခဲ့ရသည့် ရွှေညောင်မြို့ ရတနာရပ်ကွက်၊ မင်္ဂလာရွှေဘိုရပ်ကွက်၊ လှိုင်ဘုံသာရပ်ကွက်နှင့် ရွှေဘုံသာရပ်ကွက်များရှိ အိမ်ထောင်စု ၃၇၀ အတွက် ဆန်၊ ဆီ၊ ဆားများ ပါဝင်သည့် ရိက္ခာထုပ် ၅၀၀ နှင့် သောက်ရေသန့်ဘူးများ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဦးမောင်မောင်လှ

**ရှမ်းပြည်နယ်အခွန်ဦးစီးမှူး(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**

**အသက် (၈၇) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၁၁၄)နေ ဒေါ်ခင်ကြည် (စာရေးဆရာမ ရှင်နှောင်း)၏ ခင်ပွန်း၊ ဒေါက်တာလှမာလာ(ဆေးရုံအုပ်ကြီး၊ နေပြည်တော်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါအထူးကုဆေးရုံကြီး)၊ ဦးလှသူရိန်(ခ)ဦးဘိုဂတ်၊ Capt.စောကျော်ရှိန် (Uniteam Marine)-ဒေါ်လှကလျာ(ခ)မော်မော်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မအိန္ဒြာသဇင်မင်း၏အဘိုး ဦးမောင်မောင်လှသည် ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၀:၃၅ နာရီတွင် ပျဉ်းမနားမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၂၀ ရက်တွင် ကျွဲကြီးသုသာန်(နေပြည်တော်)သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ပို့ဆောင်၊ မေးမြန်းသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ချယ်ရီလမ်း၊ အမှတ် (၅/၃၅) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးတင်ထွန်း

**ရတနာထွန်း အထည်ဆေးဆိုးဆေးရိုက်လုပ်ငန်း**

**အသက် (၇၇) နှစ်**

**နာယက-မလွန်ဆန်လျှသင်းထောက်အဖွဲ့**

**နာယက-မာဃအောက်စီဂျင်ဇီဝိတဒါနအဖွဲ့**

**နာယက-မာဃလူငယ်ဆွမ်းလောင်းအသင်း**

**နာယက-မဟာဒုက်နှင့်စာရေးတံအဖွဲ့**

**နာယက-မြတ်စေတနာပရဟိတအသင်း**

နာယကကြီး ဦးတင်ထွန်းသည် ၁-၈-၂၀၂၀ (စနေနေ့) ညနေ ၅:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သင်း/ဖွဲ့-အမှုဆောင်များ**

**၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**




## ဝမ်းနည်းကြေကွဲခြင်း

## ဦးလှဖေ

**အသက် (၁၀၁) နှစ်**

တော၈ (၁၀)မှ ဗိုလ်မှူးဝင်းနိုင်(အငြိမ်းစား)-ဒေါ်ခင်သူဇာတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးလှဖေ အသက် (၁၀၁) နှစ်သည် ၂-၈-၂၀၂၀ ရက် နံနက် ၆ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တော၈-၁၀ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်တင်မြင့် (ခ)မိုရင်းခင်မြင့်   (၇၆)နှစ်**

**B.A, (Geog)B.Ed, Dip P.Em (Perth)**

ချစ်သူငယ်ချင်းဒေါ်တင်တင်မြင့် (ခ)မိုရင်းခင်မြင့်သည် ၃၁-၇-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**ဦးထွန်းကြည်-ဒေါ်ကြင်လှိုင်(ထ/အုပ်ငြိမ်း)**

**၈၆၊ နံ့သာလမ်း၊ အလုံ**

**ပထဝီဝင်မိသားစု ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးအောင်ကြိုင်(ငြိမ်း)   (၅၈)နှစ်**

**O.T.S (85) ၊ သီဟတပ်ခွဲ**

**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ နယ်စပ်ရေးရာဝန်ကြီးဌာန**

ဒေါ်မာမာအေး၏ခင်ပွန်းဖြစ်သူ ဗိုလ်ကြီးအောင်ကြိုင် (ငြိမ်း)သည် ၃-၈-၂၀၂၀ (တနင်္လာနေ့) နံနက် ၈:၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ကမ္ဘားဖြူကျေးရွာ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၅)၊ သီဟတပ်ခွဲ**

**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

## လွမ်းဆွတ်သတိရခြင်း



မောင်မြတ်သင်း အသက် (၃၂)နှစ်သည် ၆-၈-၂၀၁၀ ရက်တွင် ကွယ်လွန်သည်မှာ (၉)နှစ်ပြည့်မြောက်ပြီဖြစ်၍ ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း မိသားစုမှ ဆုတောင်းပေးပါသည်။

**အဖေ ဦးအောင်မောင်း-အမေ ဒေါ်စန်းရီ**

**သွေးသည် အသက်**

## ဦးကျော်မြ

**အထက်တန်းပြ (ငြိမ်း)၊ အထက(၂)၊ ကမာရွတ်**

**အသက် (၉၅) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မင်္ဂလာသုခလမ်း၊ တိုက်(၆၃/၆၄)၊ အခန်း(၁၀၂)နေ (ဦးထွန်းတင်-ဒေါ်ရှမ်း)တို့၏သား၊ (ဦးသိန်းဝင်း)-ဒေါ်ခင်လှဝေတို့၏ဖခင်၊ မစုမြတ်မွန်၊ မဇင်မြတ်မွန်တို့၏ အဘိုး၊ မြစ်သုံးယောက်တို့၏ အဘေးသည် ၄-၈-၂၀၂၀ (အင်္ဂါနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ရီ (ခ) ဒေါ်နု (ရုပ်ရှင်သရုပ်ဆောင်)

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊အမှတ်(7-A)၊ တာမွေကြီး(ခ) ရပ်ကွက်နေ (ဦးအောင်သိန်း-ဒေါ်မြ)တို့၏သမီး၊ (ဦးလုံကစ်-ဒေါ်သိန်းညွှန့်)တို့၏ သမီးချွေးမ၊ [ဦးလှငွေ (ခ)ဦးလှမြတ်ဦး]၏ဇနီး၊ (ဦးမောင်မောင်)၊ (ဦးရွှေငယ်)တို့၏ ညီမ၊ (ဦးရှိန်းငွေး)၊ (ဦးဖေငွေး)၊ ဒေါ်ဥမ္မာ၊ ဦးဉာဏ်ငွေး-ဒေါ်ကြူကြူဝင်းတို့၏ မွေးသမိခင်သည် ၄-၈-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)**

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်း (ရာ/၂၂၀၆)

**အသက် (၇၈) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ်(၈၂) နေ (ဦးကြူလင်း-ဒေါ်ဘုံလုံ)တို့၏ သမီး၊ ဒေါ်မြသီ၊ ဦးတင်(ဆန်းထူးကုမ္ပဏီ၊ ဒါရိုက်တာ)တို့၏ ညီမ၊ Dr.ဒေါ်ညိမ်းညိမ်းဝင်း(ဆန်းထူးကုမ္ပဏီ၊ အုပ်ချုပ်မှုဒါရိုက်တာ)၏အဒေါ်၊ ဦးစံမြိုင်(ရာ/၁၈၂၅) နာယက၊ ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ဇနီး၊ မခိုင်သီတာစံ(ရာ/၂၀၇၂)၏မိခင်ကြီးသည် ၄-၈-၂၀၂၀ ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အသင်းဝင်များ ပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒုတိယဗိုလ်မှူးကြီး ဝင်းရွှေ (ငြိမ်း)

**OTS-39**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန**

**အသက်(၇၇) နှစ်**

မော်လမြိုင်မြို့နေ (ဦးစံညွှန့်-ဒေါ်ကွန်တင်)တို့၏သားလတ်၊ မြောင်းမြမြို့နေ (ဦးစိန်ထင်-ဒေါ်လှတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ ပျဉ်းမလမ်း၊ အမှတ်(၁၅)နေ ဒေါ်ခင်ဝင်းမြင့်၏ခင်ပွန်း၊ ဦးစောညီညီထွေး-ဒေါ်မိအေးစိမ့်ဝင်း၊ ဦးမင်းသက်ရွှေ-ဒေါ်ထူးထွန်းထိုက်၊ ဦးမင်းထက်ရွှေတို့၏ဖခင်၊ မဆွတ်ပျံ့ညီ၊ မစံလေးညီတို့၏အဘိုးသည် ၄-၈-၂၀၂၀ ရက် မွန်းလွဲ ၂:၅၉ နာရီတွင် ကျောက်ကပ်ရောဂါဖြင့် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၆-၈-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၂၀ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဝက်ရောဂါဖြစ်၍ ဝက်များတွင်ကူးစက်ခံရပါက (၁၀၀ %) သေဆုံးနိုင်ပြီး စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှုများသောကြောင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများ ဖြစ်သည့်ဝက်သား၊ အေးခဲ ဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများတင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊


(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန**

facebook

# အမုန်းစကားမပြောရ



**တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။**

**Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကောင်စီ၏ (၁/၂၀၂၀) အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြား



ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ၏ (၁/၂၀၂၀) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၅**

အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ၏ (၁/၂၀၂၀)အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကောင်စီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်တင်၊ ဦးအုန်းဝင်းနှင့် ဒေါက်တာမြင့်ထွေး၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ဖတ်စရာ


**အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံ ၂၀၂၅ နှစ်လယ်အကဲဖြတ်မှု အစီရင်ခံစာ ရေးသားတင်သွင်းရေး ဆိုင်ရာ နိုင်ငံအဆင့်အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ**

စာမျက်နှာ » ၁၀

**ဘောလုံးပြိုင်ပွဲများတွင် ရည်ရွယ်ချက်ရှိရှိ ချောင်းဆိုးပါက အနီကတ်ပြ ထုတ်ပယ်နိုင်**

စာမျက်နှာ » ၁၂

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၆

**မြဝတီတံတား အမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၂၅ ဦး ဆက်လက်ဝင်ရောက်**

စာမျက်နှာ » ၁၈


## မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်


**နေပြည်တော် ဩဂုတ် ၅**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီ ရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၆ ဦးတို့အား အဌမ အကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင် ခဲ့ရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**တာဝန်ယူဆောင်ရွက်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင် ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❒



## တပ်ကုန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းကြေညာထားသော ကျေးရွာများသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဩဂုတ် ၅**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်အတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာလျက်ရှိရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ကျေးချောင်းကျေးရွာအုပ်စုတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ ကျေးချောင်းကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး ပြည်သူများ မဲစာရင်းများကို လာရောက်ကြည့်ရှုရေး နှိုးဆော်ဆောင်ရွက်နေမှုနှင့် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင် အမည်စာရင်းများရရှိရေးအတွက် ပုံစံ(၃) ဖြင့် အမည်စာရင်း တောင်းဆိုခြင်း၊ ပုံစံ(၄)ကန့်ကွက်လွှာနှင့် ပုံစံ(၄-က) ပြင်ဆင်လွှာများ စနစ်တကျ ပြုစုဆောင်ရွက်ရေး ရှင်းလင်းပြောကြားသည်။

ကျေးချောင်းကျေးရွာအုပ်စုအတွင်း အိမ်ထောင်စုပေါင်း ၁၈၄၃ စု၊ လူဦးရေပေါင်း ၈၆၀၄ ဦးရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၆၅၀၀ ကျော် ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် ဩဂုတ် ၅**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အနောက် ဘင်္ဂလားပြည်နယ်-ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းလွန်)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလား ပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေမြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ် ကမ်းလွန်)တွင် ဆက်လက်တည်ရှိနေသည်။

**မိုး/ဇလ**